မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်၊ ၂၀၀၈ ခုနှစ်၊ မေ ၂၅ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၃၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပစေရေးအတွက် ကြည့်မြင်တိုင်မြို့နယ် အထက်ကြည့်မြင်တိုင်လမ်းတစ်လျှောက် အမှိုက်များ၊ သစ်ပင်များကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက ရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှုများနှင့် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီးတို့ ပြုပြင်နေမှုများ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၄

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုများနှင့် ရန်ကုန် အနောက်ပိုင်း ပြည်သူ့ဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီးတို့ ပြုပြင် ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှဌေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် ဗဟိုလမ်း ၇ရပ်ကွက်ရှိ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ် လက်အောက်ခံတပ်ရင်းများမှ တပ်မတော်သားများက ဗဟိုလမ်း၌ လဲကျ နေသည့် သစ်ပင်ကြီးများအား ယာဉ်၊ ယန္တရားကြီးများ အကူအညီဖြင့် ဖယ်ရှားရှင်းလင်းနေမှုများ၊ အမှိုက်များရှင်းလင်းနေမှုများ၊ ရေမြောင်းများ၌ မြေကြီးများနှင့် အမှိုက်များ ရှင်းလင်းဖယ်ရှားနေမှုများကို ကြည့်ရှုစစ်ဆေး သည်။

ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တပ်မတော်အရာရှိ ကြီးများက ဗဟိုလမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်များ၊ သစ်ပင်များ ရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်းဆောင်ရွက်နေမှု များကို ရှင်းလင်းတင်ပြကြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❐

ဗဟိုအမျိုးသမီးဆေးရုံကြီး ပြန်လည်ပြင်ဆင်

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သော ဗဟိုအမျိုးသမီး ဆေးရုံကြီး အမိုးများကို ပြန်လည်ပြင်ဆင်နေစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မေ ၂၅ ရက်)

ကျန်းမာရေးဆိုင်ရာ အသိပေးနှိုးဆော်ချက်များ ပြည်သူအားလုံး အစဉ်ဂရုပြုလိုက်နာ

သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်က အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည့်နည်းတူ နိုင်ငံတကာနှင့် ပြည်တွင်းပြည်ပ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင်၊ အလှူရှင်များကလည်း ဆေးဝါးများအပါအဝင် ထောက်ပံ့ငွေ၊ အစားအစာများနှင့် ထောက်ပံ့ရေးပစ္စည်းများ အဆက်မပြတ် ပေးပို့လျက်ရှိသည်။

နိုင်ငံတကာနှင့် ပြည်တွင်းပြည်ပ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင်များက လူသားချင်း စာနာထောက်ထားမှုရှိစွာ ရိုင်းပင်းကူညီပေးပို့လျက်ရှိရာ လက်ခံရေးအဖွဲ့များက စနစ်တကျလက်ခံရယူပြီး ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိသည်။

နိုင်ငံတော်က လေဘေးသင့်ဒေသရှိ ပြည်သူများအား ရောဂါဘယကင်းရှင်းရေးအတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ ကျန်းမာရေးဆိုင်ရာ နှိုးဆော်ချက်များနှင့်အညီ နေထိုင်ကြရန် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာထားသည်။

ပြည်သူများအနေဖြင့် ရာသီဥတုဒဏ်ခံနိုင်မည့် အမိုးအကာအောက်တွင် နေထိုင်ခြင်း၊ အအေးမမိစေရန် နွေးထွေးသော အဝတ်များဝတ်ဆင်ခြင်း၊ အတတ်နိုင်ဆုံး သန့်ရှင်းသော ယင်လုံအိမ်သာသုံးစွဲခြင်းတို့ကို ပြုလုပ်ကြရမည် ဖြစ်သည်။

မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်ပြီးသည့်အခါများတွင် အဆုတ်ရောင်ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ မြွေအန္တရာယ်၊ ထိခိုက်မှုအန္တရာယ်နှင့် အခြားကျန်းမာရေးဆိုင်ရာ ပြဿနာများ ဖြစ်တတ်သည့်အတွက် သတိပြုနေထိုင်စားသောက်ကြရမည် ဖြစ်သည်။

အဆိုပါဒေသများ၌ ဝမ်းပျက်ဝမ်းလျှောရောဂါအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ကလိုရင်းဆေးခတ်ထားသော ရေ၊ ကျိုချက်ထားသောရေတို့ကိုသာ သောက်သုံးကြပြီး တစ်ကိုယ်ရေသန့်ရှင်းရေးကိုပါ အလေးထားကြရမည်ဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနတို့မှ ဆေးဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများသည် လေဘေးသင့်ဒေသများသို့သွားရောက်၍ ပြည်သူများအား ရေကောင်းရေသန့် ရရှိသုံးစွဲရေး၊ အစားအစာသန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ဓာတ်ဆားရေစနစ်တကျ ဖျော်စပ် သောက်သုံးနည်းများနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများ ပညာပေးဟောပြောကြပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေလျက်ရှိသည်။

သို့ဖြစ်ရာ ရာသီဥတုအပြောင်းအလဲနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ကူးစက်ရောဂါနှင့် ကျန်းမာရေးဆိုင်ရာ အခြားရောဂါများ မဖြစ်ပွားစေရေးအတွက် ပြည်သူတစ်ရပ်လုံးအနေဖြင့် ကျန်းမာရေးအသိပညာပေး နှိုးဆော်ချက်များကို အစဉ်ဂရုပြု လိုက်နာကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆက်ကပ်လှူဒါန်း

မေ၁၆ရက်က ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးဦးအောင်သိမ်းနှင့်ဇနီးဒေါ်ထွေးရီတို့က မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော ကမာရွတ်မြို့နယ် မြကန်သာ(၂) ရပ်ကွက်ရှိ မိုးကုတ်ကျောင်းတိုက်နှင့် ပါဠိတက္ကသိုလ် သီရိမင်္ဂလာကျောင်းတိုက်တို့ ပြန်လည်ပြုပြင်တည်ဆောက်ရန်အတွက် ငွေကျပ် တစ်သိန်းစီကို သံအမတ်ကြီး၏ ဇနီးနှင့်မိသားစုတို့က သက်ဆိုင်ရာ ကျောင်းတိုက်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၅-၅-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မိုးချစ်တပ်မတော်
၁၂း၂၀	၄။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ဟန်ရှိုင်းသူ သတို့သမီး**
၁၃း၅၀	၆။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မိုးချစ်တပ်မတော်
၄း၁၅	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၂၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၃၀	၆။	အမျိုးသားရေးတေးကဗျာ
၄း၄၅	၇။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၃၅	၁၂။	အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၆း၄၅	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူ့ရဲကောင်း** (အပိုင်း-၆၈)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	ပဟေဠိနန်းတော်
	၁၉။	ကျန်းမာသုတ
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အဖြူရောင်မြွေမင်းသမီးလေး** (အပိုင်း-၁၃)

ဧရာဝတီတိုင်းလေဘေးသင့် ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၂၄

ဧရာဝတီတိုင်း လေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်း ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ပုသိမ်မြို့ ကိုးသိန်းအားကစားရုံ၌ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အမျိုးသမီးရေးရာ အဖွဲ့နာယက အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီးဒေါ်ဝင်းဝင်းမော်နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင်များ၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရွှေဦးစွာ Green Hourse GMA Group အဖွဲ့မှ ဦးကိုကိုနိုင်က ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ငွေကျပ်သိန်း၃၀၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများကို တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းအမျိုးသမီးရေးရာ အဖွဲ့နာယက တိုင်းမှူး၏ဇနီးထံသို့ မွန်ပြည်နယ် မော်လမြိုင်မြို့မှ အလှူရှင်များကိုယ်စား ဦးကိုကိုနိုင်က ပေးအပ်လှူဒါန်းသည်။ (ယာပုံ)

ထို့နောက် တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ထောက်ပံ့ရေးပစ္စည်းများကို လေဘေးသင့်ပြည်သူများထံ ဆက်လက်ဖြန့်ဝေပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ဆေးဝါးပစ္စည်းလှူဒါန်း

ရန်ကုန် မေ ၂၄

ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့ရှိ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ မြန်မာဝန်ထမ်းများဖြစ်ကြသော ဒေါ်သန်းသန်းထူး၊ ဦးမျိုးသန့်-ဒေါက်တာခိုင်စပယ်လတ်နှင့်ဦးသားသားလှတို့၏ ဦးဆောင်မှုဖြင့် မနီလာမြို့ရှိ အာရှဖွံ့ဖြိုးရေးဘဏ်မှ မြန်မာနိုင်ငံမိတ်ဆွေများက လေဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း၁၀၀ကျော် တန်ဖိုးရှိ ဆေးဝါးပစ္စည်းများနှင့် ဦးကျော်လွင်လှ-ဒေါ်နီနီနွယ်မိသားစုက ငွေကျပ်၁၀သိန်းကို မေ၂၂ရက်က မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာကျော်မြင့်နိုင်နှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များထံ လာရောက်လှူဒါန်းသည်။ **(ဝဲပုံ)** **(သတင်းစဉ်)**

မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ များ
လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများလှူဒါန်း

ရန်ကုန် မေ ၂၄

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များက လေဘေးသင့် ပြည်သူများအတွက် ပထမအကြိမ်အဖြစ် အလှူငွေကျပ် ၃၃သိန်းနှင့် ငွေကျပ် သုံးသိန်းတန်ဖိုးရှိ စီဝိုင်စီသင်္ကန်း ၃၆ စုံ တို့ကို လှူဒါန်းခဲ့ပြီးဖြစ်သည်။

မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့များ၊ စာပေအဖွဲ့ဝင်များနှင့် စေတနာရှင်ပြည်သူများကလေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ကြောင်း နှိုးဆော်ခဲ့ရာ မဟောသီမဂ္ဂဇင်း အယ်ဒီတာချုပ် ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း) စာရေးဆရာကြီး(မှူးသမိန်) မိသားစုက ငွေကျပ် တစ်သိန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးသက်ဆွေနှင့်အမှုဆောင်များက ငွေကျပ်တစ်သိန်း၊ မင်္ဂလာတောင်ညွန့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်)-(ဒေါ်လေးယဉ်)မိသားစုက ငွေကျပ်တစ်သိန်းစီနှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်နေ ဒေါ်တင်အုန်းမိသားစုက အထည်မျိုးစုံ ၄၁ထည်ပါ အဝတ်အစားထုပ်တစ်ထုပ်၊စာရေးဆရာဗိုလ်ကြီး ကျော်မင်း (ငြိမ်း) ကောင်းစံဟိန်း (ဖလ်နေဝန်း) မိသားစုက ငွေကျပ် တစ်သိန်းတန်ဖိုးရှိ တိုင်းရင်းဆေးမျိုးစုံ အထုပ် ၁၂၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

လေဘေးသင့်ပြည်သူများအတွက် အလှူငွေဖြစ်စေ၊ အလှူ ပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံး အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်းနှင့် ၃၇လမ်း ထောင့်ရှိ စာပေဗိမာန် ဒုတိယထပ် ဖုန်း- ၂၅၂၄၁၇၊ ၃၈၅၂၇၃ တို့သို့ ရုံးချိန်အတွင်းဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဆန္ဒမဲပေး

ရန်ကုန် မေ ၂၄

၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ယနေ့နံနက်၆နာရီမှစတင်၍ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်ပေါင်း၄၀နှင့် ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်တို့ရှိ မဲရုံများ၌ တစ်ပြိုင်တည်းဖွင့်လှစ်ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးဒေါ်ခင်သက်ဌေးတို့သည် နံနက် ၇နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၇)ရပ်ကွက်ရှိ အနော်ရထာခန်းမ၌ ဖွင့်လှစ်ထားသော မဲရုံအမှတ်(၂)၌ ဆန္ဒမဲပေးကြသည်။

ဆန္ဒမဲပေး

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေတို့သည် ဆန္ဒမဲပေးကြသည်။

ဆက်လက်၍ တပ်မတော်သားများနှင့်မိသားစုဝင်များသည် ဆန္ဒမဲပေးကြသည်။

မရမ်းကုန်းမြို့နယ် အမှတ်(၇)ရပ်ကွက်၌ သလ္လာဝတီလမ်းရှိ အမှတ်(၁)အခြေခံပညာ မူလတန်းကျောင်းတွင် မဲရုံအမှတ်(၁)၊ အနော်ရထာခန်းမတွင် မဲရုံအမှတ်(၂)၊ သလ္လာဝတီလမ်းရှိ စားသောက်ကုန်နှင့်နည်းပညာဖွံ့ဖြိုးရေးဌာနတွင် မဲရုံအမှတ်(၃)၊ အမှတ် ၉၇၂ ဆောက်လုပ်ရေးတပ်စု(အင်ဂျင်နီယာ)တွင် မဲရုံအမှတ်(၄)နှင့် သာသနာရေးဦးစီးဌာနတွင် မဲရုံအမှတ်(၅)တို့ကို ဖွင့်လှစ်ပေးထားသည်။

ကြည့်ရှုစစ်ဆေး

မဲရုံများ မဖွင့်လှစ်မီ မဲရုံးမှူးနှင့်မဲရုံအဖွဲ့ဝင်များသည် မဲရုံအဆောက်အအုံ၊ မဲစာရင်း၊ မဲပုံး၊ ဆန္ဒမဲလက်မှတ်စသည်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

မဲရုံအလိုက် ဆန္ဒမဲပေးခွင့်ရှိသူများ အပြည့်အဝလာရောက်ဆန္ဒမဲပေးကြပြီးသည်နှင့် မဲရုံပိတ်ချိန် ညနေ ၄နာရီတွင် မဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များသည် မဲပုံးကိုဖောက်၍ ထောက်ခံမဲ၊ ကန့်ကွက်မဲ၊ ပယ်မဲတို့ကို စနစ်တကျ ရေတွက်ကြပြီး သက်ဆိုင်ရာ မှတ်တမ်းစာအုပ်များ၌ မှတ်တမ်းတင်ရေးသွင်းကြသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ် (၇)ရပ်ကွက်ရှိ အနော်ရထာခန်းမ၌ ဖွင့်လှစ်ထားသော မဲရုံအမှတ်(၂)တွင် ဆန္ဒမဲပေးစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၇)ရပ်ကွက်ရှိ အနော်ရထာခန်းမ၌ ဖွင့်လှစ်ထားသော မဲရုံအမှတ်(၂)တွင် ဆန္ဒမဲပေးစဉ်။

(သတင်းစဉ်)

ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေးပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့၌ ဆက်လက်ကျင်းပ

ရန်ကုန် မေ ၂၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကိုခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက် ပြည်သူများနှင့်အတူလက်တွဲ၍ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

စတုတ္ထအဆင့်

ယင်းသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်ကိုချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုဆိုလျှင် အမျိုးသားညီလာခံက ချမှတ်ပေးခဲ့သော အခြေခံရမည့်မူများ၊ အသေးစိတ် အခြေခံရမည့်မူများနှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုခြင်း အဆင့်ဖြစ်သည့် စတုတ္ထအဆင့်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။

၂၀၀၈ခုနှစ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို မေ ၁၀ ရက်တွင် နိုင်ငံတော်တစ်ဝန်းလုံးရှိ သက်ဆိုင်ရာ မဲရုံအသီးသီးတို့၌ တစ်ပြိုင်တည်း ကျင်းပခဲ့ပြီး ထိုစဉ်က သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့၍ ရက်ရွှေ့ဆိုင်းထားခဲ့သော ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်ပေါင်း(၄၀)နှင့်ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌ ယနေ့တွင် ဆက်လက်ကျင်းပသည်။

ကြည့်ရှုစစ်ဆေး

မဲရုံများ စတင်မဖွင့်လှစ်မီ မဲရုံမှူးများ၊ မဲရုံအဖွဲ့ဝင်များသည် မဲရုံများ၊ မဲစာရင်းများနှင့် ဆန္ဒမဲလက်မှတ်များကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နံနက် ၆ နာရီတွင် မဲရုံများကို စတင်ဖွင့်လှစ်လိုက်သည်နှင့် တစ်ပြိုင်တည်း ဆန္ဒမဲပေးကြမည့် ပြည်သူများသည် ဆန္ဒမဲပေးရန် စနစ်တကျတန်းစီ၍ ဆန္ဒမဲလက်မှတ်များကို ထုတ်ယူကြသည်။ ဆက်လက်၍ ဆန္ဒပြုခန်း၌ ဆန္ဒပြုကြပြီး ဆန္ဒမဲပုံး၌ ဆန္ဒမဲပေးကြသည်။

ဝိုင်းဝန်းကူညီ

ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့အတွင်းရှိ ပြည်သူများသည်လွတ်လွတ်လပ်လပ် ဆန္ဒမဲပေးကြပြီး မကျန်းမာသူများနှင့်မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ လာရောက် ဆန္ဒမဲပေးကြရာတွင် ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည်။

ညနေ ၄နာရီတွင် မဲရုံပိတ်ရန်ဖြစ်သော်လည်း မဲပေးရန်ကျန်နေသည့် မဲရုံအချို့၌ မဲဆန္ဒရှင်များဆန္ဒမဲပေးနိုင်ရေးအတွက် မဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များက စီစဉ်ဆောင်ရွက်ပေးကြသည်။

စနစ်တကျရေတွက်

ညနေ၄နာရီတွင်မဲရုံပိတ်ပြီးနောက် မဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များသည် တာဝန်ရှိသူများရှေ့တွင် မဲပုံးကိုဖွင့်၍ မဲများကိုစနစ်တကျရေတွက်ကြသည်။

ယနေ့ကျင်းပသည့်ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ရန်ကုန်တိုင်း၌ မဲရုံပေါင်း ၂၄၃၇ ရုံ၊ ဧရာဝတီတိုင်း၌ မဲရုံပေါင်း ၇၁၀ စုစုပေါင်း မဲရုံပေါင်း ၃၁၄၇ရုံရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၇) ရပ်ကွက်ရှိ အနော်ရထာခန်းမ၌ ဖွင့်လှစ်ထားသော မဲရုံအမှတ်(၂)တွင် မိသားစုဝင်များ ဆန္ဒမဲပေးစဉ်။

(သတင်းစဉ်)

၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အသီးသီးရှိ မဲရုံများ၌ မဲရုံပိတ်ချိန်တွင် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ မဲများ စနစ်တကျရေတွက်ကြစဉ်။ (သတင်းစဉ်)

ဟိုင်းကြီးကျွန်းဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှုများ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၄

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေတို့လိုက်ပါလျက် မေ ၂၃ရက် နံနက်ပိုင်းတွင် ပုသိမ်လေဆိပ်မှ ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်ရဟတ်ယာဉ်ဖြင့် တင်ဆောင်ပြီး ဟိုင်းကြီးကျွန်းမြို့ သုံးခွ၊ ကြာကန်၊ ပေါက်တန်း၊ သင်္ဘောကုန်းနှင့် သက္ကယ်သောင်ကျေးရွာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ အုတ်တွင်းကျေးရွာသို့ ရောက်ရှိသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေတို့နှင့်အတူ ကယ်ဆယ်ရေးစခန်းများ၌ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ဆေးအကာအကွယ်ပေးအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြပြီး မိသားစုအလိုက် ရွက်ဖျင်တဲများ၌ နေရာချထားမှုကိုကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဘုန်းတော်ပြည့်၊ ခုံကြီး၊ သဲချောင်းကျေးရွာများမှ လေဘေးသင့်ပြည်သူများအား နေရာချထားပေးမှု၊ ထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိမှုနှင့် ဖြန့်ဖြူးမှု၊ ရေချိုးရေရရှိရေး ဆောင်ရွက်ထားသည့်အခြေအနေများကို ရှင်းလင်းတင်ပြကြ၍ ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေတို့သည် လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေး၍ နိုင်ငံတော်က လေဘေးသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

လိုအပ်သည်များမှာကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ စစ်ရေးချုပ်နှင့် တိုင်းမှူးတို့သည် ဒီဒူးကုန်းကျေးရွာအုပ်စုမှ ကျေးရွာများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကိုလည်းကောင်း၊ပြင်ခရိုင်ကျေးရွာ ကယ်ဆယ်ရေးစခန်း၌ ရေချိုးရေရရှိရေး ဆောင်ရွက်ထားရှိမှု၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ဆေးအကာအကွယ်အဖွဲ့ဖြင့် ကျန်းမာရေးစောင့်ရှောက်နေမှု၊ ပြည်ပနိုင်ငံများမှ ပေးပို့လှူဒါန်းသော ရွက်ဖျင်တဲများ၌ လေဘေးသင့်ပြည်သူများ၏ နေထိုင်မှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့်အဖွဲ့သည် ဟိုင်းကြီးကျွန်းမြို့သို့ ရောက်ရှိပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှု၊ ရေယာဉ်များဖြင့် ဆိပ်ကမ်းတွင် ဆောက်လုပ်ရေးပစ္စည်းများ ရောက်ရှိလာမှု၊ ဟိုင်းကြီးကျွန်း အခြေခံပညာအထက်တန်းကျောင်းနှင့် တိုက်နယ်ဆေးရုံ ပြင်ဆင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ပြန်လည်ရောက်ရှိ

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရန် တပ်မတော်ရဟတ်ယာဉ်ဖြင့် ကျုံကူးကျေးရွာသို့ ဆင်းသက်ပြီး စစ်ရေးချုပ်နှင့် တိုင်းမှူးတို့သည် ပုသိမ်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ညပိုင်းတွင် ရတနာဝင်း (သုံးဆယ်)ကုမ္ပဏီမှ ဦးခင်မြင့်က ဆန်အိတ်၅၀၀ အတွက် ငွေကျပ်၇၅သိန်းကို လာရောက်လှူဒါန်းရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေက လက်ခံကြောင်း သိရသည်။ **(သတင်းစဉ်)**

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း ဆီဒိုးနားဟိုတယ် ရန်ကင်းခန်းမ၌ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအား တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဘိုကလေးမြို့နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ထူးထရေးဒင်းမှ ဝန်ထမ်းများ ကူညီဆောင်ရွက်လျက်ရှိ

ရန်ကုန် မေ ၂၄

မုန်တိုင်းဒဏ် ခံစားခဲ့ရသော ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်တွင် Htoo Trading Co., Ltd. နှင့် Air Bagan Co., Ltd. တို့မှ ဝန်ထမ်းများသည် မေ ၆ရက်မှစ၍ ဘိုကလေးမြို့တွင် အခြေချ၍ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိပြီး မေ ၂၁ရက်က ကျွန်းသာယာကျေးရွာအုပ်စုနှင့် ကွမ်းသီးချောင်းကျေးရွာများသို့ သွားရောက်၍ ကယ်ဆယ်ရေးပစ္စည်းများနှင့်ထောက်ပံ့ရေးပစ္စည်းများကို လှူဒါန်းကြသည်။

ပို့ဆောင်လှူဒါန်း

Htoo Trading Co., Ltd. နှင့် Air Bagan Co., Ltd. သည် မုန်တိုင်းဒဏ်ခံ ကျွန်းသာယာကျေးရွာအုပ်စုနေ ပြည်သူများ ရွာပြန်လည်ထူထောင်နိုင်ရန်အတွက် တရုတ်နိုင်ငံထုတ် ဒေါင်ဖန်း ၁၈ကိုင်းပါ ထွန်စက် ၃၃စီး၊ မျိုးစပါးတင်း၂၀၀၀၀၊ ခြောက်လစာ စားသုံးနိုင်ရန်အတွက် ဆန်အိတ် ၁၀၀၀၊ လယ်ယာသုံးပစ္စည်း၊ မီးဖိုချောင်သုံးပစ္စည်း၊ အဝတ်အထည်၊ အစားအသောက် ပစ္စည်းများအပြင် ကျန်းမာရေးကောင်းမွန်စေရန် ဆေးဝါးများလည်း လှူဒါန်းခဲ့ပြီး ကွမ်းသီးချောင်းကျေးရွာနေ ပြည်သူများ ရွာပြန်လည်ထူထောင်နိုင်ရန်အတွက် တရုတ်နိုင်ငံထုတ် ဒေါင်ဖန်း ၁၈ကိုင်းပါ ထွန်စက်ရှစ်စီး၊ မျိုးစပါးတင်း ၁၀၀၀၊ ခြောက်လစာအတွက် ဆန်အိတ် ၁၀၀၊ လယ်ယာသုံးပစ္စည်း၊ မီးဖိုချောင်သုံးပစ္စည်း၊အဝတ်အထည်၊ အစားသောက်ပစ္စည်းများအပြင် ကျန်းမာရေးကောင်းမွန်စေရန် ဆေးဝါးများကိုလည်း လှူဒါန်းခဲ့သည်။ ထို့ပြင် ၄င်းကျေးရွာများအတွက် သောက်သုံးရေ ရရှိရေးအတွက် အဝီစိ (တုံကင်)တွင်းရှိသော ကျေးရွာများတွင် ရေစုပ်စက် တပ်ဆင်ပေးခြင်း၊ အဝီစိတွင်း တူးမရနိုင်သော ကျေးရွာများရှိ ရေငန်ဝင်သွားသော သောက်ရေကန်များကို စက်များဖြင့် ရေငန် စုပ်ထုတ်ပေးပြီး မိုးရေခံ၍ သောက်သုံးရေရရှိရန် ဆောင်ရွက်ပေးခဲ့သည်။ Htoo Trading Co., Ltd. နှင့် Air Bagan Co., Ltd. တို့မှဝန်ထမ်းများသည် နေ့စဉ်စက်လှေများဖြင့် လေဘေးသင့်နေရာများသို့ သွားရောက်၍ ဆန်၊ ဆီ၊ ဆေးဝါးများ ပို့ဆောင်လှူဒါန်းသည့်အပြင် စေတနာ့ဝန်ထမ်း ဆရာဝန် ၁၀ဦးဖြင့်လည်း လူနာများကို နေ့စဉ် အခမဲ့ လိုက်လံကုသမှုများပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။ **(က-ပ)**

Htoo Trading Co., Ltd. နှင့် Air Bagan Co., Ltd. မှ ဝန်ထမ်းများက ကျွန်းသာယာကျေးရွာမှ မုန်တိုင်းဒဏ်ခံပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။
(က-ပ)

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ရန်ကုန်မြို့မှပြန်လည်ထွက်ခွာ

ရန်ကုန် မေ ၂၄

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့်အဖွဲ့သည် ယမန်နေ့ညနေ ၄နာရီ မိနစ်၂၀တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာပြီး ရွှေတိဂုံဘုရားလမ်းရှိ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၏ ဂူဗိမာန်သို့ သွားရောက်၍ ဂါရဝပြုကြသည်။

တွေ့ဆုံ

ထို့နောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်သည် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအား ညနေ ၅နာရီတွင် ဆီဒိုးနားဟိုတယ်ရှိ ရန်ကင်းခန်းမ၌ တွေ့ဆုံသည်။

သတင်းစာရှင်း

ယင်းနောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်သည် ညနေ၆နာရီခွဲတွင် ဆီဒိုးနားဟိုတယ်၌ ပြည်တွင်းရှိ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များ၊ ဂျာနယ်နှင့် မဂ္ဂဇင်းများမှ စာတည်းများ၊ သတင်းထောက်များနှင့် တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပသည်။

ပို့ဆောင်နှုတ်ဆက်

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နှင့်အဖွဲ့သည် ညပိုင်းတွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ဓမ္မဗျူဟာ အဘိဓမ္မာသင်တန်းများ ဖွင့်လှစ်

ရန်ကုန် မေ ၂၄

ဓမ္မဗျူဟာသာသနမာမကအဖွဲ့ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း၏ စာမေးပွဲဝင်သင်တန်းများအဖြစ် အဘိဓမ္မာ၊ အဘိဓမ္မာ (ဂုဏ်ထူးဆောင်)နှင့် ဝိသုဒ္ဓိမဂ်သင်တန်းများကို ဗဟန်းမြို့နယ် ရွှေတိဂုံအရှေ့ဘက်မုခ်အနီး အမှတ် ၆ ကြားတောရလမ်းရှိ သင်တန်းကျောင်းတွင် မေ ၁၇ရက်မှ စတင်ဖွင့်လှစ်လျက်ရှိသည်။

တက်ရောက်နိုင်

ဝိသုဒ္ဓိမဂ်သင်တန်းများကို နံနက် ၇နာရီမှ ၁၁နာရီခွဲအထိလည်းကောင်း၊ အဘိဓမ္မာနှင့် အဘိဓမ္မာ(ဂုဏ်ထူးဆောင်) သင်တန်းများကို မွန်းတည့် ၁၂နာရီမှ ညနေ၅နာရီခွဲအထိလည်းကောင်း စနေ၊ တနင်္ဂနွေနေ့တိုင်း သင်တန်းမှူး ဓမ္မဗျူဟာ ဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ)က ဦးစီး၍ ဓမ္မဒါနပို့ချသွားမည်ဖြစ်ရာ တက်ရောက်လိုသူများသည် ဖုန်း-၀၉-၅၁-၂၈၁၀၉ သို့ ဆက်သွယ်တက်ရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

25-5 (04).pmd 1 5/25/2008, 2:31 AM

ပိုမိုကောင်းမွန်သော ဆက်သွယ်ရေးစနစ်များဖြစ်ပေါ်လာရေး အဆင့်လိုက် စနစ်တကျ အမြန်ကြိုးပမ်းဆောင်ရွက်

ရန်ကုန် မေ ၂၄

ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် မေ၂၂ရက်တွင် ဗဟန်းအိတ်ချိန်း ဧရိယာ၊ မရမ်းကုန်းအိတ်ချိန်း ဧရိယာ၊ ဟံသာဝတီအိတ်ချိန်းဧရိယာ၊ အင်းစိန်အိတ်ချိန်းဧရိယာများ၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများ ကေဘယ်လ်ပြုပြင်သွယ်တန်းနေမှုများကို သွားရောက်ကြည့်ရှု၍ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

အမြန်ဆောင်ရွက်

ဝန်ကြီးသည် မေ ၂၃ရက်တွင် ရန်ကုန်မြို့ရှိ ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသော မုန်တိုင်းဒဏ်ကြောင့် ဆက်သွယ်ရေး စက်ပစ္စည်းနှင့် ဆက်ကြောင်းများ ပျက်စီးဆုံးရှုံးမှု ပြန်လည်ပြုပြင်ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍အရေးပေါ်ဆက်သွယ်ရေး အစီအစဉ်များကို လေဘေးသင့် ဒေသများ အားလုံးသို့ ကောင်းမွန်စွာ လွှမ်းခြုံဆက်သွယ်နိုင်အောင် ဆောင်ရွက်ပြီးဖြစ်သဖြင့် ပိုမိုကောင်းမွန်သော ဆက်သွယ်ရေးစနစ်များ ဖြစ်ပေါ်လာစေရေးကို ယခုကတည်းက အဆင့်လိုက် စနစ်တကျ အမြန်ဆောင်ရွက်ရန် မှာကြားသည်။

ဝန်ကြီးသည် မေ ၂၄ရက်တွင် လှိုင်သာယာစက်မှုဇုန်သို့ ရောက်ရှိပြီး အသစ်တပ်ဆင်လဲလှယ်မည့် တယ်လီဖုန်းတိုင်များရောက်ရှိနေမှုနှင့်ဆက်သွယ်ရေးစနစ်များပုံမှန်ပြန်ဖြစ်ရန် ဝန်ထမ်းများ ကေဘယ်လ် သွယ်တန်းနေမှုများကိုကြည့်ရှုပြီး(အပေါ်ပုံ)ရှင်းလင်းမှုများအပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

(သတင်းစဉ်)

လေဘေးသင့် ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် မေ ၂၄

လေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပမှ စေတနာရှင်၊အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ)ရှိ အလှူငွေလက်ခံရာဌာနသို့ ယနေ့တွင် လာရောက်လှူဒါန်းသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့်ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

ယနေ့လှူဒါန်းကြသော အလှူရှင်များမှာ Multitrading International Co.,Ltd. က ငွေကျပ်ငါးသိန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် (နေပြည်တော်၊ ရန်ကုန်၊ မန္တလေး)ရှိ ဝန်ထမ်းမိသားစုများက ငွေကျပ် ၇၁၀၀၀၀၊ မိဘများအမှူးထား၍ မအားမေ (မြစ်ကြီးနား)က ငွေကျပ်၁၀သိန်း၊ ဒုတိယဗိုလ်မှူးကြီးကိုကိုနိုင်နှင့် ဒေါ်စုစုကြည်၊ သားအောင်မြတ်သူတို့က ငွေကျပ် ၁၀သိန်း၊ ကိုညွန့်လှိုင်နှင့်မနန်းမိသားစုကငွေကျပ်တစ်သိန်း၊ ဦးအေးမြင့် (ဌာနစုမှူး)နှင့် ဒေါ်ခင်မြင့်(ဗဟိုဝန်ထမ်း တက္ကသိုလ်)မိသားစုကငွေကျပ်နှစ်သိန်း၊ ဟုတ်ကျန်ခိန့်ဟုတ်ဗုဒ္ဓဘာသာဘုရားကျောင်းက ငွေကျပ်သိန်း၅၀၊ ကွယ်လွန်သူဗိုလ်မှူးသန်းဌေး ကိုးနှစ်ပြည့်အားရည်စူး၍ ဒေါ်မြင့်ကြည်နှင့် သားသမီးမြေးတစ်စုက ငွေကျပ်တစ်သိန်း၊ ဦးမြင့်အောင်ထွန်းနှင့် ဒေါ်ခင်ပုလဲမိသားစုက ငွေကျပ်တစ်သိန်း၊ ဦးအောင်တင်ဝင်းနှင့်ဒေါ်ခင်ကြွယ်(နယူးမန္တလာထွန်း ခရီးသည်ပို့ဆောင်ရေး)က ငွေကျပ်နှစ်သိန်း၊ ဒုတိယဗိုလ်မှူးကြီးလှကြည်(ငြိမ်း)နှင့် ဒေါ်အင်ကေဘောက်၊ သား နော်မိုင်လှကြည် မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးထွန်းခိုင်မိသားစုက ငွေကျပ်တစ်သိန်း၊ Mr.Woody Nam (President & CEO)LG Electronic Asia H/Q က အမေရိကန်ဒေါ်လာ၅၀၀၀နှင့် L&Z Pte Ltd. Singapore က စင်ကာပူဒေါ်လာ ၉၉ ဒသမ ၁၇ တို့ဖြစ်ကြပြီး လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၉၁၁၀၀၀၀၊ အမေရိကန်ဒေါ်လာ၅၀၀၀နှင့် စင်ကာပူဒေါ်လာ ၉၉၇၈ ဒသမ၁၇ တို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့်နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၈ခုနှစ် မေလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၂၅-၅-၂၀၀၈)ရက်နေ့

၂၀၀၈ခုနှစ် ဇွန်လအတွက် (၈-၆-၂၀၀၈)ရက်နေ့ နှင့်

(၂၉-၆-၂၀၀၈)ရက်နေ့

တိပိဋကဓရစာအောင်သံဃာတော်များအား ချီးကျူးဂုဏ်ပြုပူဇော်မည်

ရန်ကုန် မေ ၂၄

တိပိဋကမဓမ္မရက္ခိတအဖွဲ့၏ ပစ္စည်းလေးပါးပူဇော်မှုကိုခံယူ၍ နိုင်ငံတော်အစိုးရက ကြီးမှူးကျင်းပသည့် အကြိမ်(၆၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် ဖြေဆို အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်၅၁ပါးတို့အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို (၁၃၇၀ပြည့်နှစ် ကဆုန်လပြည့်ကျော်၁၃ရက်) ဇွန် ၁ ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် အဖွဲ့တည်ရာ အမှတ်၁၅ ကြားတောရလမ်း(ရွှေတိဂုံဘုရားအရှေ့ဘက်) ဗဟန်းမြို့နယ်ရှိ တိပိဋကမဓမ္မရက္ခိတ ဗိမာန်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင် ဆရာတော်၊ တိပိဋကရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင် ဆရာတော်၊ တိပိဋကဓရ၊ တိပိဋက ကောဝိဒ ဆရာတော်ခုနစ်ပါးနှင့် စာအောင် အရှင်မြတ်၅၁ပါးတို့အား ချီးကျူး ဂုဏ်ပြု ပူဇော်မည်ဖြစ်ရာ ကြွရောက်ကြည်ညိုပူဇော်ကြပါရန်နှင့် လှူဒါန်းလိုပါက တိပိဋကမဓမ္မရက္ခိတအဖွဲ့ရုံး(ဗိမာန်တော်) အမှတ်၁၅ ကြားတောရလမ်း ဗဟန်းမြို့နယ် ဖုန်း-၃၈၂၁၁၁၊၂၄၈၂၂၄၊ ဥက္ကဋ္ဌ ဦးစိန်တင် ဖုန်း-၂၉၂၅၃၀၊ အကျိုးတော်ဆောင် အတွင်းရေးမှူး ဦးစိုးဟန်လင်း ဖုန်း - ၀၉-၈၀-၂၃၃၀၇၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်စန်း ဖုန်း-၀၉-၅၁-၂၂၀၀၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း လေျှာင်ဒဏ်ခံရသည့် တရုတ်နိုင်ငံ စီချွမ်ပြည်နယ်သို့ ရောက်ရှိ

ပေကျင်း မေ ၂၄

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းသည် ငလျင်ဒဏ်ကြုံတွေ့ခံစားနေရသည့် တရုတ်နိုင်ငံ စီချွမ်ပြည်နယ်သို့ မေ၂၄ရက်က ရောက်ရှိလာသည်။ တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့် တွေ့ဆုံကာ ငလျင်ဒဏ်ကြုံတွေ့ခံစားရမှုနှင့် ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ဆွေးနွေးပြောကြားသည်။

တရုတ်ငလျင်ကြောင့် သေဆုံးသူဦးရေမှာ ယခုအခါ ၆၀၀၀၀ နီးပါးရှိလာခဲ့ပြီဖြစ်ကြောင်း၊ ပျောက်ဆုံးနေဆဲဦးရေမှာ ၃၀၀၀၀ခန့်ရှိနေဆဲဖြစ်ကြောင်း၊ ငလျင်ဒဏ်ခံစားရသည့်ဒေသခံများအား ကယ်ဆယ်ရေးလုပ်ငန်း အလျင်အမြန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

မာလကာသီး စားသုံးခြင်းဖြင့် သွေးတိုးကျနိုင်

မာလကာသီးကို ပူနွေးစွတ်စိုသော ရာသီဥတု၌ စိုက်ပျိုးဖြစ်ထွန်းသည်။ အရသာမှာ ချိုပြီး ဖန်သောအရသာလည်း ရှိသည်။ စိုက်ပျိုးရေးနည်းပညာများ တိုးတက်လာမှုကြောင့် မာလကာသီးကို တစ်နှစ်ပတ်လုံး စိုက်ပျိုးဖြစ်ထွန်းနိုင်သည်။

ပါဝင်

မာလကာသီးတစ်လုံးတွင် ပါဝင်သော ဗီတာမင်စီမှာလိမ္မော်သီးတစ်လုံး၌ ပါရှိသည့် ဗီတာမင်စီပမာဏထက် ငါးဆခန့်ပိုများသည်။ မာလကာသီး၌ ဗီတာမင်စီအပြင် ဗီတာမင် အေနှင့် ဘီ၊ ကယ်လ်ဆီယမ်၊ ဖော့စပရပ်စ်၊ ပိုတက်ဆီယမ်၊ သံဓာတ်၊ ဖောလစ်အက်စစ်နှင့် အမျှင်ဓာတ်တို့ ပါဝင်သည်။

အများဆုံးပါဝင်သော ဓာတ်များမှာ ဗီတာမင်စီ ၃၀၂ မီလီဂရမ်နှင့် ဗီတာမင်အေ ၂၅၀ မီလီဂရမ်တို့ ဖြစ်ကြသည်။ မာလကာသီးကို သီတင်းတစ်ပတ်လျှင် နှစ်လုံးခန့် စားသုံးသွားပါက သွေးတိုးကျဆင်းစေပြီး နှလုံးကျန်းမာရေးကို အထောက်အကူပြုကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အဖြစ်နည်း

မာလကာသီး ပုံမှန်စားသုံးသူများကို လေ့လာခဲ့ရာ နှလုံးရောဂါဖြစ်ပွားမှုနည်းပြီး သွေးနှင့်ပတ်သက်သောရောဂါများလည်း အဖြစ်နည်းကြောင်း ၄င်းတို့က ဆက်လက်ပြောကြားသည်။

လေဘေးသင့်ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းများမှ ပြည်သူများက ထောက်ပံ့ငွေနှင့် ပစ္စည်းများ လှူဒါန်း

နေပြည်တော် မေ ၂၄

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ တပ်မတော် မိသားစုများနှင့် စေတနာရှင်ပြည်သူများက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ စေတနာရှင် ပြည်သူများက ငွေ ၂၁၁၀၅၅ ကျပ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၁၀၂၁၇၀၀ တန်ဖိုးရှိငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်မှ စေတနာရှင် ပြည်သူများက အလှူငွေကျပ် ၅၀၂၅၆၀၀နှင့် ငွေကျပ် ၂၈၅၀၅၈၀ တန်ဖိုးရှိ ထောက်ပံ့ရေး ပစ္စည်းများ၊ တနင်္သာရီတိုင်းမှ စေတနာရှင် ပြည်သူများက ငွေကျပ် ၁၇၄၈၂၅၀၀ တန်ဖိုးရှိ အိမ်ဆောက်ပစ္စည်းများ၊ အဝတ်အထည် မျိုးစုံ၊ ဆေးပစ္စည်း မျိုးစုံနှင့် စားသောက်ကုန်ပစ္စည်းများ၊ စစ်ကိုင်းတိုင်းမှ တပ်မတော်သား မိသားစုများနှင့် စေတနာရှင် ပြည်သူများက ငွေကျပ် ၃၃၄၅၅၄၅ ကျပ်၊ မန္တလေးတိုင်းမှ စေတနာရှင် ပြည်သူများက ငွေကျပ် ၂၄၁၉၁၆၉၆ ကျပ် တန်ဖိုးရှိ ဆန် ၄၃၇အိတ်၊အဝတ်အထည်မျိုးစုံနှင့် စားသောက် ကုန်ပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီသို့ လာရောက် လှူဒါန်းငွေကျပ် ၉၁၁၀၀၀၀ အပါအဝင် ယနေ့လှူဒါန်းသည့် ငွေနှင့်ထောက်ပံ့ရေးပစ္စည်းစုစုပေါင်း တန်ဖိုးမှာ ငွေ ၆၃၁၉၈၆၇၆ ကျပ် ဖြစ်ပြီး မေ ၂၄ရက်အထိ လှူဒါန်းသည့် ငွေနှင့် ထောက်ပံ့ရေးပစ္စည်းစုစုပေါင်း တန်ဖိုးမှာ ၉၄၄၅၈၃၃၂၈၉ ကျပ် ရှိပြီဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

လေဘေးဒဏ်သင့် ပြည်သူများအတွက် အလှူငွေနှင့် ထောက်ပံ့ရေးပစ္စည်းများပေးအပ်

နေပြည်တော် မေ ၂၄

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးသည် မေ ၁၇ရက်က ရွှေဘိုခရိုင် အရာတော်မြို့နယ် အရာတော်(၂) လျှပ်စစ်မြစ်ရေတင် ရှင်းလင်းဆောင် ခန်းမ၌ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးပြီး မြစ်ရေတင်မှ ပထမအဆင့် ရေစုကန်သို့ရေတင်ခြင်း၊ ရေပေးဝေခြင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်း

ထို့နောက် တိုင်းမှူးက ဝန်ထမ်းစုပေါင်း နွေစပါး ပန်းတိုင်အထွက်တိုး ဆင်းနွယ်ရင် စံပြစပါးစိုက်ကွင်းကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ဖြည့်ဆည်းပေးသည်။

လက်ခံ

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့သည် ဝက်လက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပသော လေဘေးဒဏ်သင့် ပြည်သူများအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ လက်ခံသည်။

အဆိုပါ ဝက်လက်မြို့နယ်မှ လေဘေးသင့်ပြည်သူများအတွက်အလှူငွေနှင့်ထောက်ပံ့ပစ္စည်း လှူဒါန်းငွေစုစုပေါင်း တန်ဖိုးမှာ ငွေကျပ်သိန်း ၁၅၀ ဖြစ်ကြောင်း သိရသည်။

မှာကြား

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့သည် မုံရွာ-ရွှေဘိုကားလမ်းအတိုင်း ဆက်လက် ထွက်ခွာခဲ့ရာ ရွှေဘိုမြို့နယ် တဂဏန်းကျေးရွာရှိတောင်သူဦးကျော်ဝင်း၏ နွေစပါး ဆင်းနွယ်ရင်မျိုး စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြား ဖြည့်ဆည်းပေးသည်။

လှူဒါန်း

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့သည် ရွှေဘိုမြို့ ရန်ကြီးအောင်ခန်းမ၌ကျင်းပသော လေဘေးဒဏ်သင့် ပြည်သူများအတွက် အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ရွှေဘိုမြို့နယ်၊ ခင်ဦးမြို့နယ်၊ တန့်ဆည်မြို့နယ်များမှ စေတနာရှင် အလှူရှင်များ၊ လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဌာနဆိုင်ရာများက အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းရာ တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူတို့က လက်ခံကြသည်။ အဆိုပါလေ ဘေးဒဏ်သင့်ပြည်သူများအတွက် လှူဒါန်းငွေနှင့်ထောက်ပံ့ပစ္စည်းစုစုပေါင်း တန်ဖိုးမှာ ငွေကျပ် ၃၄၈၆၄၇၀၀ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ် လေဘေးဒုက္ခသည်များအတွက် အလှူငွေများပေးအပ်

ရန်ကုန် မေ ၂၄

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်း အမှတ် ၁၃၉ရှိ သစ်တောမိတ်ဆွေအသင်း(Friends of Rainforests in Myanmar)၏ ဒုတိယဥက္ကဋ္ဌ ဒေါက်တာကျော်တင့်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ လေဘေးဒုက္ခသည်များအား ကူညီထောက်ပံ့ရန် ငွေကျပ် ၂၁၀၀၀၀၀ကို မော်လမြိုင်ကျွန်းမြို့နယ်အသင်း (ရန်ကုန်) အသင်းရုံးခန်းတွင် မေ၂၃ရက်က အသင်းဒုတိယဥက္ကဋ္ဌ ဦးသောင်းညွှန့်နှင့် အမှုဆောင်များထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(က-ပ)

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

(မေ ၂၄ ရက် မွန်းလွဲ ၂ နာရီ ထုတ်ပြန်ချက်)

ယနေ့နံနက် ၉နာရီခွဲ အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ် ॥ ॥ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာစိပ်စိပ်၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီ စင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်မှာ ချောက်မြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာထားဝယ်မြို့တွင် ၁.၂၆ လက်မ၊ ရမည်းသင်းမြို့တွင် ၁.၀၆ လက်မ၊ မင်းတပ်မြို့တွင် ၀.၅၉ လက်မ၊ ကလေးမြို့တွင် ၀.၅၅ လက်မနှင့် သထုံမြို့တွင် ၀.၅၁ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ॥ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

၂၀၀၈ခုနှစ် မေ ၂၅ရက် ညနေအထိ ခန့်မှန်းချက်။ ॥ တနင်္သာရီတိုင်းတွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ॥ ॥ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ॥ ॥ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မေ ၂၅ရက် ညနေအထိ ခန့်မှန်းချက်

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မေ ၂၅ ရက် ညနေအထိ ခန့်မှန်းချက်

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မေ ၂၅ရက် ညနေအထိ ခန့်မှန်းချက်

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသ အခြေအနေ

အမြင့်ဆုံးအပူချိန်	၃၂ဒသမ၅ဒီဂရီစင်တီဂရိတ်(၉၀ဒီဂရီဖာရင်ဟိုက်)	၂၃-၅-၂၀၀၈
အနိမ့်ဆုံးအပူချိန်	၂၄ဒသမ၀ဒီဂရီစင်တီဂရိတ်(၇၅ဒီဂရီဖာရင်ဟိုက်)	၂၄-၅-၂၀၀၈
၉နာရီခွဲအချိန် စိုထိုင်းဆ	၈၈ ရာခိုင်နှုန်း	၂၄-၅-၂၀၀၈
နေပူသည့် နာရီပေါင်း	၁ ဒသမ ၄ နာရီခန့်	၂၃-၅-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၄-၅-၂၀၀၈	မရှိပါ	မရှိပါ	မရှိပါ
၁-၁-၂၀၀၈မှ	၇၀၅ မမ	၈၁၃ မမ	၉၃၇မမ
ယနေ့အထိ	(၂၇ဒသမ၇၆လက်မ)	(၃၂ဒသမ၀၁ လက်မ)	(၃၆ဒသမ၈၉လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ မေ ၂၃ရက် ညနေ၃နာရီခွဲတွင် အရှေ့တောင်ဘက်မှ တစ်နာရီ ၅မိုင်နှုန်း တိုက်ခတ်ခဲ့သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ လူနာတင်ယာဉ်လှူဒါန်း

ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်း ဗဟန်းမြို့နယ်ရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ လိုအပ်လျက်ရှိသော လူနာတင်ယာဉ်တစ်စီးလှူဒါန်းရန် အတွက် စာရွက်စာတမ်းများပေးအပ်လှူဒါန်းပွဲကို မေ၂၂ရက် နံနက်၁၀နာရီက နှင်းဆီကုန်းဘိုးဘွားရိပ်သာ အလှူတော် မင်္ဂလာခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ နှင်းဆီကုန်း ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ အငြိမ်းစား ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်က ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဂျပန်နိုင်ငံ Fukuoka International Lion Club အဖွဲ့ ခေါင်းဆောင် Mr.Takashi Takino က လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နှင်းဆီကုန်းဘိုးဘွား ရိပ်သာအတွက် လှူဒါန်းမည့် တိုယိုတာ လူနာတင်ယာဉ်တစ်စီးနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို အဖွဲ့ ခေါင်းဆောင် Mr.Takashi Takino က ပေးအပ်လှူဒါန်းရာ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ အငြိမ်းစား ဒုတိယဗိုလ်မှူးကြီးကျော်ရှိန် **(အပေါ်ပုံ)**က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် မေ ၂၄

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေး ပစ္စည်းများ ပေးပို့လျက်ရှိကြရာ ဒိန်းမတ်နိုင်ငံ ကြက်ခြေနီအသင်းနှင့် ဩစတြေးလျ နိုင်ငံ ကြက်ခြေနီအသင်းတို့မှ တာပေါ်လင်များ၊ရေသန့်စက်နှင့်ဆက်စပ်ပစ္စည်းများ စုစုပေါင်း ၃၈တန် ကျော်သည့် IL-76 လေယာဉ်ဖြင့် ယနေ့နံနက် ၈နာရီ ၁၀မိနစ်တွင် လည်းကောင်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ အခြေစိုက် အပြည်ပြည်ဆိုင်ရာကြက်ခြေနီအသင်း ICRC မှ ပစ္စည်းထည့်ရန် အိတ်များ၊ အိမ်ဆောက်ပစ္စည်းများ၊ ရေသန့်စက်များ၊တာပေါ်လင်များ စုစုပေါင်း၁၈တန် ကျော်သည့် AN-12 လေယာဉ်ဖြင့် နံနက် ၉နာရီ ၅၅မိနစ်တွင် လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုမှ ရေသန့်များ၊သစ်သားများ၊အစားအစာများ၊တာပေါ်လင်များ၊ကျန်းမာရေးသုံး ပစ္စည်းများ စုစုပေါင်း ၃၅တန်ကျော်သည့် C-130 လေယာဉ်သုံးစင်းဖြင့် နံနက်၁၁နာရီ၊ မွန်းလွဲ၁၂နာရီမိနစ် ၂၀၊ မွန်းလွဲ ၁နာရီတို့တွင် လည်းကောင်း၊ ဆွစ်ဇာလန်နိုင်ငံအခြေစိုက် နယ်စည်းမခြားဆရာဝန်များအဖွဲ့က ဘီစကွတ်နှင့် အစားအသောက်မျိုးစုံ စုစုပေါင်း ၃၂တန်ခန့်သည့် DC-8 လေယာဉ်ဖြင့် မွန်းလွဲ ၁၂နာရီ ၄၅မိနစ်တွင် လည်းကောင်း၊ ယူအေအီးနိုင်ငံ ဒူဘိုင်းအခြေစိုက်ကုလသမဂ္ဂဒုက္ခသည်များ ဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)မှ ပလတ်စတစ်စများ၊ခြင်ထောင်များ၊စောင်များ၊ မီးဖိုချောင်သုံး ပစ္စည်းများ စုစုပေါင်း ၄၂တန်ခန့်သည့် IL-76 လေယာဉ်ဖြင့် မွန်းလွဲ ၁၂နာရီ မိနစ် ၅၀တွင်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုရှိ Save the Children US မှ တာပေါ်လင်များ၊ရေထည့်ရန်ဘူးများစုစုပေါင်း ၂၃တန်ကျော်သည့် C-130 လေယာဉ်နှစ်စင်းဖြင့်မွန်းလွဲ ၂နာရီနှင့် မွန်းလွဲ ၂နာရီ ၅၅မိနစ်တို့တွင်လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။

ရောက်ရှိ

အလားတူအမေရိကန်ပြည်ထောင်စုရှိ Save the Children မှ တာပေါ်လင်များ၊ မီးဖိုချောင်သုံး ပစ္စည်းများ စုစုပေါင်း ၂၉ တန်ခန့်သည့် DC-8 လေယာဉ်ဖြင့် မေ ၂၃ရက် ည ၉နာရီ ၅မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာသည်။

ချက်ချင်းဖြန့်ဝေ

မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ပြည်ပနိုင်ငံများမှ စေတနာရှင်များ လှူဒါန်းသည့်ပစ္စည်းများသည်လေယာဉ်များ၊ သင်္ဘောများဖြင့် အဆက်မပြတ်ရောက်ရှိလျက်ရှိရာ ထိုရောက်ရှိလာသောပစ္စည်းများကို လေဆိပ်၊သင်္ဘောဆိပ်များတွင် ပစ္စည်းလက်ခံရယူရေးအဖွဲ့များက စနစ်တကျလက်ခံရယူပြီး နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မုန်တိုင်းဒဏ်ခံခဲ့ရသော ဒေသများသို့ ရဟတ်ယာဉ်များ၊မော်တော်ယာဉ်များ၊ရေယာဉ်များဖြင့် ချက်ချင်းဖြန့်ဝေပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သောက်ရေသန့်များနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန်နှင့် အစားအသောက်များ၏ အရည်အသွေးကို စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်ရေးအတွက် စိစစ်ဆောင်ရွက်လျက် ရှိပါသည်။

၂။ ရန်ကုန်တိုင်းအတွင်းရှိ သောက်ရေသန့်စက်ရုံများသည် ဆိုင်ကလုန်းမုန်တိုင်း နာဂစ်ကြောင့် ပျက်စီးခြင်း ရှိ မရှိနှင့် ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ သောက်ရေသန့်များ ထုတ်လုပ်နိုင်ခြင်း ရှိ မရှိကို ကျန်းမာရေးဦးစီးဌာနက စစ်ဆေးလျက်ရှိပါသည်။ စစ်ဆေးပြီးသောက်ရေသန့်လုပ်ငန်းများအနက် အောက်ဖော်ပြပါ သောက်ရေ သန့်လုပ်ငန်းများမှာ သောက်ရေ၀efY သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရပါသည်။

စဉ်	သောက်ရေသန့်လုပ်ငန်းအမည်	စဉ်	သောက်ရေသန့်လုပ်ငန်းအမည်
၁။	Sunflower သောက်ရေသန့်	၉။	နေလသောက်ရေသန့်
၂။	Zest သောက်ရေသန့်	၁၀။	Comet သောက်ရေသန့်
၃။	SIP သောက်ရေသန့်	၁၁။	Winner သောက်ရေသန့်
၄။	Nawarat သောက်ရေသန့်	၁၂။	PGS သောက်ရေသန့်
၅။	Great သောက်ရေသန့်	၁၃။	YOMA သောက်ရေသန့်
၆။	Fresh Water သောက်ရေသန့်	၁၄။	FIFA သောက်ရေသန့်
၇။	OSAKA သောက်ရေသန့်	၁၅။	Golden Cherry သောက်ရေသန့်
၈။	Star H_2O သောက်ရေသန့်	၁၆။	နေမင်းသောက်ရေသန့်

၃။ သို့ပါ၍ သောက်ရေသန့်လုပ်ငန်းများသည် သောက်ရေသန့် သတ်မှတ်ချက်နှင့်ကိုက်ညီကြောင်း ကျန်းမာရေး ဦးစီးဌာန၏ ထောက်ခံချက်ရရှိမှသာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပါရန် အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဥတုရာသီ တောကိုမှီ

လေဘေးသင့်သူများအတွက်ပြန်လည်ထူထောင်ရေးပစ္စည်းများ ပြည်တွင်းရေကြောင်းသင်္ဘောများဖြင့်သယ်ယူပို့ဆောင်ပေး

တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)
စာမျက်နှာပွဲ့စည်းမှု - သန်းဇော်

ရန်ကုန် မေ ၂၄

မုန်တိုင်းဒဏ်ကိုခံခဲ့ရပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဧရာဝတီတိုင်းလေဘေးသင့်ခံရသည့်နေရာများသို့ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများအား ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးလုပ်ငန်းက သင်္ဘောများဖြင့် ကူညီပံ့ပိုးသယ်ဆောင်ပေးလျက်ရှိသည်။

"သင်္ဘော ခရီးစဉ် ရာနှုန်းပြည့်နီးပါး ပြေးဆွဲ ပေးနေပါတယ်"
ဦးကျော်မြင့်
ဒုတိယအထွေထွေမန်နေဂျာ
(ပို့ဆောင်ရေး)

"သင်္ဘောစင်းရေပြည့် ပြေးဆွဲနိုင်အောင်ဆောင်ရွက်နေပါတယ်"
ဦးမြင့်ဆွေ
ဒုတိယရေကြောင်း
ဌာနမှူးချုပ်

"အမြန်ဆုံးပြင်ဆင် အသုံးပြု နိုင်အောင် ဝန်ထမ်းတွေ အဆိုင်းခွဲပြီး အချိန်ပြည့် လုပ်ဆောင်နေပါတယ်"
ဦးစိုးမြင့်
ဒုတိယအထွေထွေ
မန်နေဂျာ
(အင်ဂျင်နီယာ)

တွေ့ဆုံမေးမြန်း

ထိုသို့ ပို့ဆောင်ရေးဝန်ကြီးဌာနက လေဘေးသင့်ခံရသူများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများကူညီဆောင်ရွက်နေမှုကို သိရှိနိုင်ရန် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးလုပ်ငန်းသို့ သွားရောက်ကာ တာဝန်ရှိသူများနှင့် တွေ့ဆုံ မေးမြန်းခဲ့သည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး လုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးကျော်မြင့်က "အခုချိန်မှာ ရေလမ်းခရီးစဉ်တွေ အားလုံးနီးပါး ပြန်လည်ပြေးဆွဲနေပြီဖြစ်ပါတယ်။ မြစ်ဝကျွန်းပေါ်ဒေသကို ပြေးဆွဲနေတဲ့ ခရီးသည်နဲ့ ကုန်တင်သင်္ဘော ၃၇ စင်း ရှိနေပြီး ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးပစ္စည်းတွေ သယ်ယူပေးနေတဲ့ သင်္ဘောက မေ၆ရက်မှ ၁၆ရက်အထိ သင်္ဘော၂၈စင်း၊ သင်္ဘောခေါက်ရေပေါင်း ၃၅ခေါက်ပြေးဆွဲကာ ကုန်တန်ချိန် ၂၅၆၂ ဒသမ ၅တန်ကို သယ်ယူပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒီလို ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေး ပစ္စည်းတွေကို သင်္ဘောနဲ့ လျင်လျင်မြန်မြန်သယ်ယူပေးဖို့ ပို့ဆောင်ရေးဝန်ကြီးကလည်း ကျွန်တော်တို့ကို အနီးကပ်မှာကြားနေပါတယ်"ဟု ပြောကြားသည်။

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးပိုင် သင်္ဘောများ ရေလမ်းခရီးစဉ်များ ပြေးဆွဲရန် အသင့်ဆိုက်ကပ်ထားစဉ်။

အစုန်အဆန်

လေဘေးသင့်ခံရသူများကို ဖြည့်ဆည်းပေးသည့် ပြန်လည်ထူထောင်ရေး ပစ္စည်းများကို ဧရာဝတီတိုင်းရှိ ဘိုကလေး၊ မော်ကျွန်း၊ လပွတ္တာ၊ ပုသိမ်၊ ဖျာပုံနှင့် ဒေးဒရဲမြို့နယ်များအပြင် ဟင်္သာတ-ဖျာပုံ လမ်းတွင်လည်း သင်္ဘောများဖြင့် အစုန်၊ အဆန် တင်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် "နိုင်ငံတော်မှ လမ်းညွှန်မှုဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာနနဲ့ ကျန်းမာရေးဝန်ကြီးဌာနတို့ ညှိနှိုင်းပြီး ဧရာဝတီတိုင်းလေဘေးသင့်ခံရသူများကို ဆေးကုသနိုင်ရေး ဆေးရုံသင်္ဘောများကိုလည်း ရန်ကုန်-လပွတ္တာလမ်းမှာ ဝေသန္တရာ ရေယာဉ်၊ ရန်ကုန်-ဘိုကလေးလမ်းတွင် တိုင်း၉ ရေယာဉ်၊ ရန်ကုန်-ဖျာပုံလမ်း၌ တတိုင်းမွေး ရေယာဉ်များဖြင့် ကျေးလက်ဒေသများသို့ လှည့်လည် ဆေးကုသပေးနေကြောင်း" ဒုတိယအထွေထွေမန်နေဂျာ ဦးကျော်မြင့်က ရှင်းပြသည်။

သယ်ဆောင်ပေးခဲ့

တစ်ဖန် ရခိုင်ပြည်နယ်ရှိ မြို့နယ် အသီးသီးမှ ရေငန်ဒဏ်ခံမျိုးစပါးများကိုလည်း ဧရာဝတီတိုင်း လေဘေးဒဏ်ခံရသည့် လယ်ယာမြေများ ပြန်လည်ထူထောင်ရေးအတွက် ရခိုင်ဌာနခွဲရှိ အောင်တံခွန်၊ အလောင်းဘုရား၊ အောင်ဇေယျရေယာဉ်ကြီးများဖြင့် မေ၁၄ရက်မှ၁၇ရက်အထိ မျိုးစပါးတင်းပေါင်း ၁၂၀၁၄ တင်းကို သယ်ဆောင်ပေးခဲ့ပြီးဖြစ်သည်။

ထိုသို့ ပြည်တွင်းသင်္ဘောများဖြင့် ရေလမ်းခရီးစဉ်များ ပုံမှန်ပြေးဆွဲပေးပြီး ဧရာဝတီတိုင်းရှိ လေဘေးသင့်ခံရသူများအား ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများကို သင်္ဘောများဖြင့် သယ်ယူပို့ဆောင်ပေးလျက်ရှိသည့်အပြင် မုန်တိုင်းကြောင့် ထိခိုက်မှုရှိခဲ့သည့် သင်္ဘောရေယာဉ်များကိုလည်း ပြင်ဆင်မှုပေးလျက်ရှိရာ ပြည်တွင်းရေကြောင်းမှ ဒုတိယအထွေထွေမန်နေဂျာ(အင်ဂျင်နီယာ) ဦးစိုးမြင့်က "သင်္ဘောတွေ အမြန်ဆုံး ပြေးဆွဲနိုင်အောင် ဒလနဲ့ အလုံသင်္ဘောကျင်းတွေမှာ နေ့ဆိုင်း ညဆိုင်းတွေနဲ့ ၂၄နာရီပြည့် နေ့စဉ်ပြင်ဆင်မှုတွေ လုပ်ကိုင်နေပါတယ်။ မုန်တိုင်းကြောင့် ချွတ်ယွင်းမှု ဖြစ်ခဲ့တဲ့ ရေယာဉ်တွေကို ပြန်လည်ပြင်ဆင်ပေးနိုင်ခဲ့တာဟာ မေ၄ရက်မှ ၂၁ရက်အထိ သင်္ဘော ၂၅ စင်းဖြစ်ပါတယ်။ ဒီသင်္ဘောတွေဟာ အခုဆိုရင် ခရီးသည်ပို့ဆောင်ရေးနဲ့ လေဘေးသင့်ခံရသူတွေ ပြန်လည်ထူထောင်ရေး ပစ္စည်းတွေကို သယ်ဆောင်ပေးနေပြီဖြစ်ပါတယ်။ ဒါ့အပြင် သင်္ဘောတွေကမ်းကို ဆိုက်ကပ်လို့ရအောင် ဆိပ်ခံတွဲတွေလည်း ပြင်ဆင်အသုံးပြုလို့ ရနေပြီဖြစ်ပါတယ်။ ကမ်းတင်နေတဲ့ သင်္ဘောတွေလည်းရေပြန်ချနေပြီဖြစ်ပါတယ်။ ရန်ကုန်-ဒလ ကူးတို့ ရေယာဉ်တွေနဲ့ ယာဉ်တင်ကူးတို့ ရေယာဉ်တွေလည်း ပုံမှန်ပြေးဆွဲနေပြီဖြစ်လို့ ခရီးသွားလာရေးနဲ့ ကုန်ပစ္စည်းတင်ဆောင်မှုတွေအခက်အခဲ မရှိတော့ပါဘူး" ဟု ပြောကြားသည်။

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးပိုင် ဗညားသင်္ဘော ရန်ကုန်-မော်ကျွန်း ခရီးစဉ်ခုတ်မောင်းပြီး ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်စဉ်မြင်ကွင်း။

အချိန်နှင့်တစ်ပြေးညီ

ရေယာဉ်များရေလမ်းခရီးစဉ်သွားလာပြီးချိန် ဆိပ်ကမ်း၌ရပ်နားစဉ် စစ်ဆေးပြင်ဆင်မှုလုပ်ဆောင်နိုင်ရန် သင်္ဘောများ ရပ်နားရာဆိပ်ကမ်းများ၌ အင်ဂျင်နီယာအဖွဲ့များကို တာဝန်ချထားပြီး ခရီးသည်နှင့် ကုန်တင်သင်္ဘောများ အခေါက်ရေပြည့် အချိန်နှင့် တစ်ပြေးညီပြေးဆွဲနိုင်ရန်လည်း စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

ရှင်းပြ

ပြည်တွင်းရေကြောင်း၌ ခရီးလမ်းများတွင် ရေယာဉ်အစင်းရေအပြည့် ပြေးဆွဲနိုင်ရေးအတွက် စီစဉ်ဆောင်နေမှုနှင့် ပတ်သက်၍လည်း ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးလုပ်ငန်းမှ ဒုတိယရေကြောင်း ဌာနမှူးချုပ်ဦးမြင့်ဆွေက "ရန်ကုန်အခြေစိုက် ကုန်စည်ပို့ဆောင်ရေး ဌာနခွဲမှာ စုစုပေါင်း သင်္ဘော ၂၂၁စင်းနဲ့ မြစ်ဝကျွန်းပေါ်ဌာနခွဲမှာ ခရီးသည်နဲ့ ကုန်စည်သင်္ဘော စုစုပေါင်း ၁၁၈စင်းရှိပါတယ်။မုန်တိုင်းကြောင့် ထိခိုက်ခဲ့ရတဲ့ သင်္ဘောတွေကို အမြန်ပြင်ဆင်ပြီး ရေကြောင်းသွားလာရေးမှာ ထည့်သွင်းအသုံးပြုပေးနေပြီဖြစ်သလို ကမ်းတင်နေတာတွေလည်း ပြန်ချတာကို တစ်ပြိုင်နက်တည်း လုပ်ဆောင်နေပါတယ်။ အခုလို လေဘေးသင့်ခံရတဲ့ ဒေသတွေကို ပြန်လည်ထူထောင်ရေး ပစ္စည်းတွေ သယ်ယူပို့ဆောင်ပေးတဲ့ လုပ်ငန်းအပြင် ပုံမှန်ခရီးသည်သင်္ဘောတွေ ပြေးဆွဲနိုင်အောင် ဆောင်ရွက်နိုင်ဖို့ မန္တလေး၊ မုံရွာ၊ မော်လမြိုင်နဲ့ ရခိုင်က ဝန်ထမ်းတွေ ခေါ်ယူစုစည်းပြီး အချိန်ပြည့် လုပ်ငန်းလုပ်ဆောင်နေပါတယ်။ လေဘေးသင့်ဒေသတွေကို ပြန်လည်ထူထောင်ရေးပစ္စည်းတွေ သင်္ဘောနဲ့ မပြတ်တမ်းသယ်ဆောင်ပို့ပေးနိုင်အောင်နဲ့ ပုံမှန်ခရီးသည်သင်္ဘောတွေ အခေါက်ရေပြည့်ပြေးဆွဲနိုင်အောင် ပြင်ဆင်မှုအပိုင်းနဲ့ အခြားဆောင်ရွက်မှု အပိုင်းတွေကို ပို့ဆောင်ရေး ဝန်ကြီးက မပြတ်တမ်း ညွှန်ပြနေတဲ့အပြင် ဦးဆောင်ညွှန်ကြားရေးမှူးကလည်း အနီးကပ်ကြီးကြပ်နေတာမို့ အခုလိုအချိန်နဲ့ တစ်ပြေးညီလုပ်ငန်းတွေ ဆောင်ရွက်နိုင်တာပါ" ဟု ရှင်းပြသည်။

မြန်မြန်ဆန်ဆန်

ယခုအခါ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးလုပ်ငန်းမှ ခရီးသည်တင် သင်္ဘောများဖြင့် လေဘေးသင့်ခံရသူများအတွက် ပြန်လည်ထူထောင်ရေး ပစ္စည်းများကို စေတနာရှင်ပြည်သူများက လှူဒါန်းသည့် ပစ္စည်းများ တင်ဆောင်ပေးနေသလို နိုင်ငံတော်က ထောက်ပံ့ဖြည့်ဆည်းပေးလျက်ရှိသည့် ပြန်လည်ထူထောင်ရေး ပစ္စည်းများဖြစ်သော သွပ်၊ သံများ၊ ဆန်၊ အဝတ် အထည်၊ စားနပ်ရိက္ခာ စသည့် ပစ္စည်းများကို သင်္ဘောများဖြင့် မြန်မြန်ဆန်ဆန် သယ်ယူပို့ဆောင်ပေးလျက်ရှိနေပါကြောင်း တွေ့ဆုံမေးမြန်းရေးသားဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ရန်ကုန်-ဒလ ကူးတို့သင်္ဘော ဒလဘက်သို့ ထွက်ခွာရန် ပြင်ဆင်နေစဉ်။

❒ ရှေ့ဖုံးမှ

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် လက်အောက်ခံတပ်ရင်းများမှ တပ်မတော်သားများ သန့်ရှင်းရေးဆောင်ရွက်လျက်ရှိသည့် ကြည့်မြင်တိုင်မြို့နယ် အရိုးအထူးကုဆေးရုံကြီးအနီးသို့ ရောက်ရှိကြရာ တပ်မမှူး ဗိုလ်မှူးချုပ်လှမင်းက ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းတစ်လျှောက်၌ လဲကျနေသည့် သစ်ပင်ကြီးများဖယ်ရှားခြင်း၊ သစ်ကိုင်းသစ်ရွက်များ ရှင်းလင်းခြင်း၊ ရေမြောင်းများအတွင်းရှိ အမှိုက်များရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းတို့က ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှုများ၊ တပ်မတော်သားများပါဝင်၍ ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်နေမှုများကို ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

အသိပေးကြော

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းပေးပြီး အပြောင်ရှင်းပြီးသည့် နေရာများ၌ ထပ်မံ၍ အမှိုက်များမရှိစေရေးနှင့် အမှိုက်များစနစ်တကျစွန့်ပစ်နိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်ပေးရန်၊ သတ်မှတ်ထားသည့် အမှိုက်ကန်များ၌ အမှိုက်စွန့်ပစ်ရေး အသိပေးကြောရန်ကိစ္စများကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကြည့်မြင်တိုင်မြို့နယ် အထက်ကြည့်မြင်တိုင်လမ်း၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက လဲကျနေသည့်သစ်ပင်များ ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြရာ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက မြို့တော်သာယာလှပရေး ဆောင်ရွက်ချက်များ၊ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ပျက်စီးမှုများ

ထိုမှတစ်ဆင့် ရန်ကုန်အနောက်ပိုင်းပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာရစ်ချက်ဘိုနီတို့က လေမုန်တိုင်းတိုက်ခတ်ရာတွင် ရန်ကုန်အနောက်ပိုင်း ပြည်သူ့ဆေးရုံကြီး အဆောင်များ၏ အမိုးများ လွင့်ပါမှုအပါအဝင် ပျက်စီးမှုများ ပြန်လည်ပြင်ဆင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဗဟိုအမျိုးသမီး ဆေးရုံကြီးရှိ အဆောင်အလိုက် သွပ်များ ပြန်လည်အမိုးမိုးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် ရန်ကုန်အနောက်ပိုင်းပြည်သူ့ဆေးရုံကြီး ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် KMA ကုမ္ပဏီမှ ဦးခင်မောင်အေးက ဆောက်လုပ်ရေးပစ္စည်းများရရှိမှု၊ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဦးစားပေးဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က ဆေးရုံကြီး၏ အမိုးများ ပြန်လည်အမိုးမိုးခြင်းနှင့် လိုအပ်သည်များ ပြုပြင်ခြင်းများကို ဦးစားပေးဆောင်ရွက်ရန်၊ ဆက်လက်၍ ဝန်ထမ်းအိမ်ရာများကို ပြုပြင်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဗဟိုအမျိုးသမီးဆေးရုံကြီးသို့ ရောက်ရှိကြပြီး ဆေးရုံကြီးရှိ အဆောင်များအလိုက် သွပ်များပြန်လည်မိုးနေမှုများကို ကြည့်ရှုစစ်ဆေးကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ဝင်းနှင့် ဆေးရုံကြီးပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဂရိတ်ဝေါကုမ္ပဏီမှ ဦးမောင်မောင်ဆွေတို့က ရှင်းလင်းပြသကြသည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်း၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများကလည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ် သရက်တောလမ်း၌ တပ်မတော်သားများကလည်းကောင်း အမှိုက်များရှင်းလင်းခြင်း၊ သစ်ပင်ကြီးများ ဖယ်ရှားခြင်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

(သတင်းစဉ်)

ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ် ပင်မဆောင်အမိုးများ ပျက်စီးမှုကို ပြန်လည်ပြင်ဆင် ဆောင်ရွက်နေကြစဉ်။ (သတင်းစဉ်)

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ်နှင့် ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူး ဝန်ကြီး ဦးဉာဏ်ဝင်းထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် မေ ၂၄

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ်နှင့် ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူးအဖြစ် ခန့်အပ်ခြင်းခံရသော မစ္စတာဘီရှီးပါရာဂျူလီသည် ၎င်းခန့်အပ်လွှာကို ယနေ့ပေးအပ်သည်။

အဆိုပါ ပေးအပ်သည့် အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များလည်း တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဒေးဒရဲမြို့နယ်နှင့် ကျေးရွာအုပ်စုများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မေ ၂၄

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် မုန်တိုင်းဒဏ်ခံခဲ့ရသည့် ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ်နှင့် ကျေးရွာအုပ်စုများ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မေ ၂၀ ရက်တွင်ဒေးဒရဲမြို့သို့ရောက်ရှိပြီးရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဆန်စက်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဆန်စက်များပုံမှန်ပြန်လည်လည်ပတ်နိုင်ရေး ညှိနှိုင်းဆွေးနွေးပြီးနောက်ဆန်စက်များလည်ပတ်ရန်အတွက်လိုအပ်သော ပစ္စည်းများ ပံ့ပိုးဆောင်ရွက်ပေးသည်။

ထောက်ပံ့ဖြည့်ဆည်း

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် မေ ၂၁ရက်တွင် ဒေးဒရဲမြို့နှင့်ဖျာပုံမြို့ အကြားရှိ လေဘေးသင့်ကျေးရွာများမှ ပြည်သူများပုံမှန်လုပ်ငန်းများပြန်လည် လည်ပတ်နိုင်ရေးကားလမ်းတစ်လျှောက် လိုက်လံစစ်ဆေးပြီး လိုအပ်သည်များ ထောက်ပံ့ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဒေးဒရဲမြို့ပေါ်ရှိ ဆန်စက်များကို လိုက်လံစစ်ဆေးပြီး ဆန်စက်များ အမြန်လည်ပတ်နိုင်ရေးနှင့် ထွက်ရှိဆန်များကို သက်သာသော ဈေးနှုန်းဖြင့် ပြည်သူများ လက်ဝယ်ရောက်ရှိရေး မှာကြားပြီး စက်ပစ္စည်းလိုအပ်ချက်များ ထောက်ပံ့ဆောင်ရွက်ပေးသည်။

စစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဒေးဒရဲမြို့ ကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍လေဘေးသင့်ပြည်သူများအား အားပေးစကား ပြောကြားပြီး ကယ်ဆယ်ရေးစခန်း အတွင်းရှိ အိပ်ဆောင်တဲများ၊ ထမင်းစားဆောင်များ၊ ရေချိုးခန်း၊ အိမ်သာများ၊ သောက်သုံးရေများ၊ ဆေးခန်းများစီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံစစ်ဆေးပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ထောက်ပံ့လှူဒါန်း

ထို့နောက် ဝန်ကြီးသည် ဒေးဒရဲမြို့နယ် အစဲလေးကျေးရွာသို့ သွားရောက်၍ ကျေးရွာအတွက်သောက်ရေကန်များ ဆယ်ယူနေမှု၊ ကျေးရွာ မူလတန်းကျောင်းပြင်ဆင်ဆောက်လုပ်နေမှု၊ ကျေးရွာရှိဆန်စက်ကိုစပါးများပြန်လည်ကြိတ်ခွဲနိုင်ရန်ပြင်ဆင်ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှု စစ်ဆေးပြီး ကျေးရွာပြည်သူများအား ဆရာဝန်၊ ဆရာမများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးပြီးနောက် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့လှူဒါန်းခဲ့သည်။

ကြည့်ရှု

ယင်းနောက် ဝန်ကြီးသည် မေ ၂၂ ရက်တွင် ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာသို့ ရေယာဉ်ဖြင့် သွားရောက်ပြီး ကျုံဒါးကယ်ဆယ်ရေးစခန်း၌ လေဘေးသင့်ပြည်သူများအားကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ခြင်းနှင့်ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့လှူဒါန်းခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး ဒေးဒရဲနှင့်ကျုံဒါးရေလမ်းတစ်လျှောက်ရှိ ကျေးရွာများ ပျက်စီးမှု ပြန်လည်တည်ဆောက်နေမှု၊ လယ်ယာလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ဆောင်ရွက်နေမှု၊ ရေလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ကြည့်ရှုပြီး လိုအပ်သည်များပံ့ပိုး ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၅-၅-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်

၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၀၀ ၅။ International News
၈း၁၅ ၆။ နှောင်းခေတ်တေးပဒေသာ
၉း၀၀ ၇။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၄။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
၁၂း၀၀ ၅။ မြန်မာဗီဒီယိုဇာတ်လမ်း
ရွှေအကြောင်းဖယောင်းသက်သေ
လွင်မိုး၊ နန္ဒာလှိုင်
ဒါရိုက်တာ-ကျော်ဇောလင်း
(အတွေးပုံရိပ်)
၁၃း၅၀ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၁၄း၀၀ ၇။ တေးဂီတအစီအစဉ်
၁၄း၁၅ ၈။ တံတားအလှပန်းလောင်
၁၄း၄၅ ၉။ International News
၁၅း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၅ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၅ ၄။ တေးဂီတအစီအစဉ်
၄း၅၀ ၅။ ဆိုကြမယ် ပျော်ကြမယ်
၆း၀၀ ၆။ ညနေခင်းသတင်း
၆း၃၀ ၇။ မိုးလေဝသအခြေအနေ
၆း၃၅ ၈။ ကြေးမုံရိပ်သွင်တေးနှယဉ်
၆း၅၀ ၉။ ဆိပ်ကျွန်းရေထိန်းတံခါး
၇း၀၀ ၁၀။ တေးဂီတအစီအစဉ်
၇း၁၅ ၁၁။ တေးဂီတအစီအစဉ်
၈း၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ
မာယာထောင်ချောက်
(အပိုင်း-၂၄)
၁၆။ အစီအစဉ်ပြီး၏။

ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ ကြည့်ရှုစစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

● **ကျောဖုံးမှ**

ထို့နောက် ပါမောက္ခချုပ် ဒေါက်တာဒေါ်နီလာသိန်းနှင့် မက်(စ်)မြန်မာကုမ္ပဏီမှ အင်ဂျင်နီယာချုပ် ဦးစိုးလှိုင်တို့က ပျက်စီးသည့်စာသင်ဆောင်များ အခြေအနေ၊ အမိုးပြန်မိုးနေမှုနှင့် ပြီးစီးမှု၊ အကာများ ပြုပြင်ကာရံနေမှု၊ စာသင်ဆောင်ကူးသည့်စင်္ကြံများ ပြင်ဆင်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မှာကြားဖြည့်ဆည်း

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က ဆောက်လုပ်ရေးပစ္စည်းများရရှိမှု၊ ပြုပြင်နိုင်မှုအခြေအနေများကို ထပ်မံမေးမြန်းပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်သို့ ရောက်ရှိကြရာ ပါမောက္ခချုပ် ဒေါက်တာဇော်မင်းအောင်က လေတိုက်ခတ်ခဲ့မှုကြောင့် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်ရှိ စာသင်ဆောင်များပျက်စီးခဲ့မှု၊ ပျက်စီးမှုများကို ကျင်းပမည့်စာမေးပွဲအမီပြီးစီးအောင် ကြိုးပမ်းညှိနှိုင်း ပြင်ဆင်ဆောင်ရွက်ခဲ့မှု၊ ပြင်ဆင်မှုလုပ်ငန်းများ ၉၀ရာခိုင်နှုန်းခန့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းပြသ

ယင်းနောက် ဝန်ကြီးချုပ်သည် ဌာနအလိုက် အလုပ်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဦးသောင်းနှင့် ပါမောက္ခချုပ်တို့က လိုက်လံရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရန်ကုန်တက္ကသိုလ်သို့ ရောက်ရှိစစ်ဆေးကြရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ဒုတိယဝန်ကြီး ဦးမျိုးညွန့်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက လေမုန်တိုင်းတိုက်ခတ်မှုကြောင့် ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ သက်တမ်းရင့်သစ်ပင်ကြီးအမျိုးမျိုး လဲပြိုခဲ့ရမှု၊ ကျောင်းဆောင်အမိုးများ ပျက်စီးရမှုများကို ရှင်းလင်းပြသကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးချုပ်သည် သစ်ပင်ကြီးများပျက်စီးမှု၊ ကျောင်းဆောင်အမိုးပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက သိပ္ပံဆောင်အမိုးမှ အမိုးအုတ်ကြွပ်ပြားအချို့ကိုလည်းကောင်း၊ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမအခြေအနေကိုလည်းကောင်း ရှင်းလင်းပြသကြသည်။

ပြန်လည်ပြုပြင်

ယင်းနောက် ဘွဲ့နှင်းသဘင်ခန်းမ ရှင်းလင်းဆောင်၌ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းခင်တို့က ရန်ကုန်တက္ကသိုလ်ပရဝဏ် ပျက်စီးမှုအခြေအနေများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဆယ်က ပြန်လည်ပြုပြင်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် သိပ္ပံစာသင်ဆောင်အမိုးများ ပျက်စီးခဲ့ရမှု၊ သိပ္ပံစာသင်ဆောင်အမိုးအုတ်ကြွပ်ပြားများ မပျက်မစီးရအောင် ဆောင်ရွက်နေမှုနှင့် ယာယီအမိုး မိုးနေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် သိပ္ပံစာသင်ဆောင်မှ သက်တမ်းရင့်အမိုးအုတ်ကြွပ်များ စနစ်တကျ ဆေးကြောသန့်စင်နေမှုများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ပြင်ဆင်ဆောင်ရွက်

ရန်ကုန်တက္ကသိုလ်ရှိ ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းပြင်ဆင်ခြင်း၊ တက္ကသိုလ်ပရဝဏ် ပြန်လည်သပ်ရပ် သန့်ရှင်းစေခြင်းလုပ်ငန်းများကို အဆင့်လိုက် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ညနေ၃နာရီတွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုကြရာ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ပါမောက္ခချုပ် ဒေါက်တာမျိုးမြင့်တို့က ပင်မဆောင်အမိုးပိုင်း ပျက်စီးမှုအပါအဝင် လေဒဏ်ခံခဲ့ရသည့်အခြေအနေများ၊ ပြန်လည်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြသကြရာ ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

မုန်တိုင်းတိုက်ခတ်မှုကြောင့်ပျက်စီးခဲ့သော ရန်ကုန်တက္ကသိုလ်စာသင်ဆောင်အမိုးများကို ပြန်လည်ပြင်ဆင်နေစဉ်။ (သတင်းစဉ်)

မုန်တိုင်းတိုက်ခတ်မှုကြောင့်ပျက်စီးခဲ့သော ရန်ကုန်ကွန်ပျူတာတက္ကသိုလ်စာသင်ဆောင်အမိုးများကို ပြန်လည်ပြင်ဆင်နေစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) အလှူရှင်များ

လေဘေးသင့် ပြည်သူများအတွက် စားသောက်ကုန်၊ အဝတ်အထည်၊ လူသုံးကုန်ပစ္စည်းများနှင့် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် မေ ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ စေတနာရှင်အလှူရှင်များက လေဘေးသင့်ပြည်သူများအတွက် ဆဋ္ဌမအကြိမ် အလှူငွေနှင့် စားသောက်ကုန်၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနားကို မေ ၂၂ရက်က လားရှိုးမြို့ မြို့တော်ခန်းမဉ္စကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ အလှူရှင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ငွေကျပ်၁၀သိန်းတန်ဖိုးရှိ အမျိုးသမီး အသုံးအဆောင်နှင့် ကျန်းမာရေးသုံးပစ္စည်းများ၊ မြို့မဈေးမိသားစုက ငွေကျပ်သိန်း၄၀တန်ဖိုးရှိ အဝတ်အထည်များ၊ ရပ်ကွက်(၁၂) အလှူခံမဏ္ဍပ်က ငွေကျပ်၁၆သိန်းတန်ဖိုးရှိ အဝတ်အထည်များ၊ ရပ်ကွက်(၉) အလှူခံမဏ္ဍပ်က ငွေကျပ် ၁၇၀၀၀၀ တန်ဖိုးရှိ ဗလာစာအုပ် ၁၃၆ဒါဇင်၊ ရပ်ကွက်(၃)၊(၇)၊(၁၀)၊(၁၁)မှ ပြည်သူများက ငွေကျပ် ၉၁၄၀၀၀ တန်ဖိုးရှိ အဝတ်အထည်များနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၂) ပန်ဆန်းမြို့မှ ဌာနအသီးသီး၊ တပ်ဖွဲ့အသီးသီး၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများက ငွေကျပ် ၄၀၄၆၈၀၀၀၊ သစ်လုပ်ငန်းရှင်များအသင်းက ငွေကျပ် ရှစ်သိန်း၊ ပရိဘောဂလုပ်ငန်းရှင်များက ငွေကျပ်ခုနစ်သိန်း၊ မြို့မဈေးမိသားစုက ငွေကျပ်ခုနစ်သိန်း၊ နမ္မတူ သတ္တုတွင်းဝန်ထမ်း မိသားစုများက ငွေကျပ်ငါးသိန်း၊ ရှေ့နေများအသင်းက ငွေကျပ်ငါးသိန်း၊ နမ္မတူ ကျောက်မီးသွေးသတ္တုတွင်း ဝန်ထမ်းများက ငွေကျပ်၁၁၀၀၀၀၊ လားရှိုးမြို့ ပြည်သူများက ငွေကျပ် ၁၂၅၅၀၀၊ ရပ်ကွက်(၁၂)အလှူခံမဏ္ဍပ်က ငွေကျပ်၁၀၉၀၀၀၊ မြန်မာ့သစ်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးသိန်းမြင့်က ငွေကျပ် ၁၀၀၀၀၀၊ ဦးဇော်မိုးဦး မိသားစုက ငွေကျပ် ၁၆၇၅၀၊ နူးရွက်အစ္စလာမ် ဘာသာရေးအခြေခံ စာသင်ကျောင်းနှင့် ဝတ်ပြုကျောင်းဆောင် အုပ်ချုပ်မှုကော်မတီက ငွေကျပ် ၁၀၀၀၀၀၊ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းက ငွေကျပ် ၁၅၆၀၀၀တို့ကို လှူဒါန်းကြရာ တာဝန်ရှိသူ အသီးသီးက လက်ခံကြသည်။ ယနေ့ လှူဒါန်းသည့် ပစ္စည်းတန်ဖိုးမှာ ငွေကျပ် ၇၆၈၄၀၀၀ နှင့် ငွေသားကျပ် ၄၄၄၀၅၂၅၀ ဖြစ်ပြီး လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၅၂၀၈၉၂၅၀ တို့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေတိဂုံစေတီတော်ကြီး အထက်ပစ္စယာရှိ ပတ္တမြားမျက်ရှင် အာရုံခံ တန်ဆောင်းကို မူလအလှူရှင်မောင်ဝိတ်နှင့်မိသားစုကုမ္ပဏီကတန်ဆောင်းကြီး ပြန်လည်ပြုပြင် မွမ်းမံရန်အတွက် ငွေကျပ် ၆၀၃၀၀၀၀ကို ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့သို့ မေ၁၉ရက်က ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း ကြည့်ရှုစစ်ဆေး

လျှပ်စစ်ဓာတ်အား နှစ်စဉ်ပျမ်းမျှကီလိုဝပ် နာရီသန်းပေါင်း ၂၆၂သန်း ထုတ်လုပ်သွားမည်

ရန်ကုန် မေ ၂၄

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းသည် မေ၂၂ရက်က ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန အမှတ်(၄) တည်ဆောက်ရေးက ပဲခူးတိုင်း ရွှေကျင်မြို့၏ အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ကျောက်နဂါးကျေးရွာအနီး၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းညွှန်ကြားရေးမှူး ဦးတင်အေးက စီမံကိန်းလုပ်ငန်းများကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးဦးဟိန်းထက်က စီမံကိန်းလုပ်ငန်းသုံးပစ္စည်းများရရှိမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးကဆောင်ရွက်ရန် လုပ်ငန်းစဉ်များကို အသေးစိတ်မှာကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။ ထို့နောက် ဝန်ကြီးသည် စီမံကိန်း၏ လက်ယာဘက်ကမ်းရှိ လုပ်ငန်းအခြေအနေကို အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး**(အောက်ပုံ)** လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

မှာကြား

ယင်းနောက်ဝန်ကြီးသည် စီမံကိန်း၏ လက်ဝဲဘက်ကမ်းရှိ လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာများအား လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားသည်။

ထုတ်လုပ်ဖြန့်ဖြူးသွားမည်

ယခုအခါ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း၏ တည်ဆောက်မှုလုပ်ငန်းများမှာ စီမံကိန်းတစ်ခုလုံး၏ ၆၂ဒသမ ၂ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်၍ စီမံကိန်းပြီးစီးပါက စက်တပ်ဆင်အင်အား ၇၅မဂ္ဂါဝပ်မှ လျှပ်စစ်ဓာတ်အား နှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီသန်းပေါင်း ၂၆၂သန်းခန့် ထုတ်လုပ်ဖြန့်ဖြူး ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)နှင့်(ဆိပ်ကမ်း)မြို့နယ် အခြေခံပညာကျောင်းများ ပြုပြင်နေမှု ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် စစ်ဆေး

ရန်ကုန် မေ ၂၄

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့ နံနက် ၈နာရီခွဲက ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဗဟို အိမ်တိုင်ရာရောက် သားဖွားသင်တန်းကျောင်းသို့ သွားရောက်၍ လေဘေးသင့် စာသင်ဆောင်နှင့် အိပ်ဆောင်များပြန်လည်ပြုပြင်နေမှုတို့ကိုကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ဆရာမကြီးဒေါ်လဇွန်ထုနော်၊ ထွန်းတောက်ရောင်ခြည်ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးတင်ရွှေနှင့် တာဝန်ရှိသူများက ပြန်လည်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုများ ပြင်ဆင်ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းများ ပြန်လည်ပြင်ဆင်ရန် တာဝန်ယူထားသည့် ထွန်းတောက်ရောင်ခြည် ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးတင်ရွှေက ပြင်ဆင်ဆောင်ရွက်နေမှုများ၊ တည်ဆောက်ရေးပစ္စည်း လိုအပ်မှုများကို တင်ပြရာ ဝန်ကြီးက ကျောင်းဖွင့်ချိန်အမီ စာသင်ဆောင်များပြီးစီးရေး၊ ပျက်စီးသွားသည့် ကျောင်းအိမ်သာများ ပြန်လည်ဆောက်လုပ်ရေး၊ ကျောင်းသားများ အန္တရာယ်ကင်းရှင်းစွာ ပညာသင်ကြားနိုင်ရေးနှင့် သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေးတို့ကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အထက (၁)နှင့် အလက(၁)ကျောင်းများသို့ သွားရောက်၍ လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုများ ပြန်လည်ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ကြီးများနှင့် ပြန်လည်ပြင်ဆင်ရန် တာဝန်ယူထားသော Excel Co., Ltd. မှ အင်ဂျင်နီယာ ဦးစောယုတို့က ပြင်ဆင်ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားကာ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေးတို့ကို ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း လှိုင်သာယာမြို့နယ်မှ လေဘေးသင့်ကျောင်းသား ကျောင်းသူများအား အလှူငွေ၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးပစ္စည်းများ လှူဒါန်း

ရန်ကုန် မေ ၂၄

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်းရှိ လေဘေးသင့်မိသားစုဝင်များ၏ အခြေခံ မူလတန်း ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများအား မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ်အဖြစ် အလှူငွေနှင့် ကျောင်းဝတ်စုံ၊ ကျောင်းသုံး ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက လှိုင်သာယာမြို့နယ်ရှိ ရွှေလင်ပန်းစက်မှုဇုန် ကနောင်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်က အလှူငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အလှူငွေကျပ် တစ်သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြပြီး ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းငွေက လက်ခံ၍ ကျောင်းဝတ်စုံနှင့်ကျောင်းသုံးပစ္စည်းများကို မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်၊ တွဲဖက်အတွင်းရေးမှူး ဒေါ်မေမာလာ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြရာ သက်ဆိုင်ရာကျောင်းအုပ်ကြီးများနှင့် ကျောင်းသားကျောင်းသူများက လက်ခံကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့ နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့ သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်တင်လှူပူဇော်ရန် အတွက် အမှတ် ၂၀၄ တိုက် ၇ သုမင်္ဂလာအိမ်ရာ(၂) သဃ်္ဃန်းကျွန်းမြို့နယ်နေ မိဘများအား အမှူးထား၍ ကိုသူရ-မဝင်းမင်း၊ သမီး မခိုင်ရွှေရည်ထက်၊ မဆုလဲ့ရည်ထက်မိသားစုက ငွေကျပ်သုံးသိန်းခန့်တန်ဖိုးရှိ ရွှေထည်ပစ္စည်းများ လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးတင်ဦး (အလုည့်ကျသဘာပတိ) သီဟသုမေ့ မဏ္ဍိဇာတရေ ဦးစိုးသိမ်းနှင့် ဦးစောကြိုင်တို့က လက်ခံယူကြပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင် မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများအားတွေ့ဆုံ

နေပြည်တော် မေ ၂၄

အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးအေးလွင်သည် မေ၂၂ရက်က နေပြည်တော်ပျဉ်းမနား အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော် လယ်ဝေး အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် နေပြည်တော်တပ်ကုန်း အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတို့၌ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများအား တွေ့ဆုံအမှာစကားပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး မလှဲ့တောင်-ကလိန်အောင်လမ်းပိုင်း စစ်ဆေး လမ်းများအမြန်ပြုပြင်ထိန်းသိမ်းရေး မှာကြား

နေပြည်တော် မေ ၂၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ၂၀ရက် မွန်းလွဲ ၁၂နာရီခွဲက တနင်္သာရီတိုင်း ကလိန်အောင်မြို့နယ် မလှဲ့တောင်စခန်းသို့ ရောက်ရှိပြီး ရေး-ထားဝယ်လမ်းပိုင်း လမ်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မော်လမြိုင်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူး ဦးကြည်စိုးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးက လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို လမ်းပိုင်းအလိုက် တိုးမြှင့်ဆောင်ရွက်သွားရန် မှာကြားပြီး မလှဲ့တောင်-ကလိန်အောင် လမ်းပိုင်း မိုင်တိုင် အမှတ်(၆၈/၆)နှင့် (၆၃/၇)နေရာများကို ကြည့်ရှုစစ်ဆေးကာ လမ်းများ အမြန်ပြုပြင် ထိန်းသိမ်းရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကလိန်အောင်မြို့နယ် ကံပေါက် ဆီအုန်းခြံ စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်းဒါရိုက်တာ ဦးစောခင်မောင်ကြီးက ဆီအုန်း ပျိုးထောင်ထားရှိမှု၊ စိုက်ပျိုးထုတ်လုပ်နိုင်မှုနှင့် တစ်နာရီ ၁၀တန်ကျ ဆီအုန်းဆီကြိတ်စက်ရုံ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်း တင်ပြပြီး ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆီအုန်းခြံအတွင်း အောင်မြင်ဖြစ်ထွန်းနေသော ဆီအုန်းပင်များနှင့် ဆီအုန်းပျိုးပင် ငါးသောင်းကျော် ပျိုးထောင်ထားရှိမှုနှင့် တစ်နာရီ ၁၀တန်ကျ ဆီအုန်းဆီကြိတ်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

တွေ့ဆုံ

ထို့နောက် ဗိုလ်ချုပ်သာအေးသည် ကံပေါက်တပ်နယ် မောရဝတီခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ဗဟန်း မြို့နယ် အလယ်ရွှေဂုံတိုင်လမ်း တိုက်(စီ) အခန်း၃၀၁ ဒယ်လ်တာ ပလာဇာ အမှတ်၂၄၇/၂၆၉ နေ ဦးထိန်လင်း ဦး- ဒေါ်သင်းသင်း မိသားစုက သားလေး မောင်မင်းထက်အောင်၏ တစ်နှစ်ပြည့် မွေးနေ့အဖြစ် ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းတိပိဋက ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော်ထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တီ=နီ (ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ ပြန်လည်ထူထောင်ရေး ကွမ်းခြံကုန်းတွင်ဆွေးနွေး အလှူရှင်များက ထောက်ပံ့ရေးပစ္စည်းများလှူဒါန်းနေမှု ကြည့်ရှုအားပေး

ရန်ကုန် မေ ၂၄

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိသည် မေ ၂၁ရက် နံနက်ပိုင်းက ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် အောင်ဆန်းသူရိယလှသောင်း ဘောလုံးကွင်းအတွင်း ဖွင့်လှစ်ထားသော လေဘေးကယ်ဆယ်ရေးစခန်း၌ ပြန်လည်ထူထောင်ရေး ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းပြီး ကယ်ဆယ်ရေးစခန်းရှိ လေဘေးသင့် ပြည်သူများအား အလှူရှင်များက ရေသန့်၊ အဝတ်အထည်မျိုးစုံ၊ ဖိနပ်များနှင့် အခြားထောက်ပံ့ရေးပစ္စည်းမျိုးစုံတို့ကို တစ်ဦးချင်းအလိုက် ပေးအပ်လှူဒါန်းမှုကို ကြည့်ရှုအားပေးသည်။ (အောက်ပုံ)

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီးသည် ကွမ်းခြံကုန်းမြို့ အရှေ့ကျောင်းကြီးတိုက်ရှိ လေဘေးကယ်ဆယ်ရေးစခန်း၌ကျင်းပသောအလှူရှင်များမှ လှူဒါန်းငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ရာ မလေးရှားနိုင်ငံ အခြေစိုက် Rinbunam Petrogas ရေနံကုမ္ပဏီက လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၅၀၀၀၀၊ UNOG ကုမ္ပဏီက လှူဒါန်းငွေကျပ်သိန်း ၅၀၀၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ငွေကျပ်၁၀သိန်းနှင့်ထောက်ပံ့ရေးပစ္စည်းများ၊ UE Group က ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ Solar Power Supply System တစ်ခု၊ ငွေကျပ်နှစ်သိန်း၊ အစားအသောက်နှင့် ဆေးဝါးများ၊ မြန်မာလူငယ် အင်ဂျင်နီယာများကငွေကျပ်နှစ်သိန်း၊စင်ကာပူရောက် မြန်မာအလှူရှင်များကရေသန့်ဆေးပြား ၂၀၀၀၀၊ Silver Wave Energyကုမ္ပဏီက ကျား၊မဝတ်လုံချည်များ၊ တီရှပ်များနှင့် ကျောင်းစိမ်းဝတ်စုံများ၊ Marine Movement ကုမ္ပဏီက အဝတ်အထည် မျိုးစုံ၊ ရန်ကုန်မြို့နေဦးဇော်လွန်း-ဒေါ်တင်မိုးသူမိသားစုက ရေသန့် ၈၆၄ဘူး၊ ဦးကျော်ညွန့်-ဒေါ်ခင်မမ မိသားစုက အဝတ်အထည်မျိုးစုံ၊ ဦးဝင်းတင်-ဒေါ်ခင်အေးဝင်း မိသားစုက အသင့်စားခေါက်ဆွဲခြောက်ထုပ်နှင့် ကြက်သွန်အိတ်များ၊ ဦးကျော်နိုင်သိန်း-ဒေါ်ခင်စန်းယု မိသားစုတို့က အဝတ်အထည်မျိုးစုံနှင့် ဖိနပ်များ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဝန်ကြီးသည် ကွမ်းခြံကုန်းမြို့ အရှေ့ကျောင်းကြီးတိုက် ကယ်ဆယ်ရေးစခန်းရှိ လေဘေးသင့်ပြည်သူများအားအလှူရှင်များက ဆန်၊သောက်ရေသန့်၊အဝတ်အထည်မျိုးစုံ၊ အသင့်စားခေါက်ဆွဲခြောက်ထုပ်များ၊ ဖိနပ်၊ စောင်နှင့် ဆေးဝါးများ၊ အခြားထောက်ပံ့ရေး ပစ္စည်းမျိုးစုံတို့ကိုတစ်ဦးချင်းအလိုက်ပေးအပ်လှူဒါန်းမှုကို ကြည့်ရှုအားပေးပြီး ကွမ်းခြံကုန်းမြို့နယ် ဒေးဒနော စံပြကျေးရွာ ဘိုးဘွားရိပ်သာတွင် အဘိုးအဘွားများအား အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းမှု၊ကော့မှူးမြို့နယ် ဗဟိုကယ်ဆယ်ရေးစခန်းရှိ လေဘေးသင့်ပြည်သူများအားသောက်ရေသန့်၊အဝတ်အထည်မျိုးစုံ၊စားစရာများ၊ ဖိနပ်၊ စောင်နှင့် ဆေးဝါးများ၊ အခြားထောက်ပံ့ရေး ပစ္စည်းမျိုးစုံတို့ကို ပေးအပ်လှူဒါန်းမှု၊ ကော့မှူးမြို့နယ် လေဘေးသင့်ပြည်သူများအတွက် UE Group မှ ဝန်ထမ်းများက ငွေကျပ်တစ်သိန်းနှင့်ဆေးဝါးများ၊ စင်ကာပူသမ္မတနိုင်ငံရောက် မြန်မာနိုင်ငံသား မိသားစုများမှ လှူဒါန်းသည့်ရေသန့်ဆေးပြား၁၀၀၀၀ ပေးအပ် လှူဒါန်းမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

လေဘေးသင့် ပြည်သူများအတွက် ရေနံဆီမီးဖို အလုံး ၁၀၀၀ လှူဒါန်း

ရန်ကုန် မေ ၂၄

မုန်တိုင်းဒဏ်ခံရသောဒေသများမှ ပြည်သူများအတွက် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများနှင့် ဆူဇူကီးအရောင်းကိုယ်စားလှယ်များက စုပေါင်းလှူဒါန်းသည့် ရေနံဆီမီးဖိုများလှူဒါန်းပွဲကို ယမန်နေ့ညနေ ၃နာရီခွဲက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာန (ရုံးချုပ်) မေခလာခန်းမ၌ကျင်းပရာ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်နှင့် ဆူဇူကီး အရောင်းကိုယ်စားလှယ်တို့က လေဘေးသင့် ပြည်သူများအတွက် ငွေကျပ်သိန်း ၁၅၀ တန်ဖိုးရှိ ရေနံဆီမီးဖို အလုံး ၁၀၀၀ကို ပေးအပ်လှူဒါန်းရာ အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက လက်ခံသည်။

ဆက်လက်ပေးပို့သွားမည်

အဆိုပါ ရေနံဆီမီးဖိုများမှာ ရေနံဆီအပြင် ဒီဇယ်ဆီနှင့် ကြက်ဆူဆီများပါ ထည့်သွင်းအသုံးပြုနိုင်ပြီး ယင်းမီးဖိုများကို လေဘေးဒဏ်ခံရသည့်ဒေသများမှပြည်သူများထံ အမြန်ဆုံး ရောက်ရှိအသုံးပြုနိုင်ရေးအတွက် ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

လေဘေးသင့် အိမ်ထောင်စုများအား ထောပတ်နတ်သုဓာ၊ အဝတ်အထည်၊ ဖိနပ်နှင့်ရေသန့်ဘူးများလှူဒါန်း

ရန်ကုန် မေ ၂၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်အေးအေးနှင့် အဖွဲ့ဝင်များသည် မေ ၂၂ရက် နံနက် ၁၀နာရီက ရန်ကုန်တိုင်း ဒဂုံမြို့သစ် (တောင်ပိုင်း) လေးထောင့်ကန်ရှိ လေဘေးသင့် အိမ်ထောင်စု ၆၂၅ စုတို့မှ မိသားစုများအားတွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ထောပတ် နတ်သုဓာ၊ အဝတ်အထည်၊ ဖိနပ်နှင့် ရေသန့်ဘူးများကို တစ်ဦးချင်းပေးဝေကြကြောင်း သတင်းရရှိသည်။ (ဓါတ်ပုံ)

(မြန်မာ့အလင်း)

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေးသီတင်းပတ်

မေလ ၂၅ရက်မှ ၃၁ရက်အထိ

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံးပါဝင်ဆောင်ရွက်ပေး

ရောဝတီတိုင်း ဘိုကလေးမြို့ လေဘေးသင့်ခံရသူများအတွက် ထောက်ပံ့ရေးပစ္စည်းများသယ်ဆောင်လာသော ကုန်တင်ကားကြီးများကို ဤသို့တွေ့ရသည်။

ရောဝတီတိုင်း ဘိုကလေးမြို့တွင် လေဘေးသင့်ခံရပြီး ပျက်စီးသွားသော အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်နေသည်ကို ဤသို့တွေ့ရသည်။

ပြန်လည်ထူထောင်ရေးဆောင်ရွက်နေသော ရောဝတီတိုင်း

မုန်တိုင်းဒဏ်ခံခဲ့ရသော ရောဝတီတိုင်း ဖျာပုံမြို့၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အစိုးရအဆောက်အအုံများ၊ လူနေအိမ်များ အမြန်ပြုပြင်လျက်ရှိသကဲ့သို့ လျှပ်စစ်နှင့် ဆက်သွယ်ရေးလုပ်ငန်းများကို ပုံမှန်ဖြစ်ရေး ကြိုးစားလုပ်ဆောင်လျက်ရှိသည်။

ထို့အတူ ရောဝတီတိုင်း ဘိုကလေးမြို့တွင်လည်း ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို နေ့စဉ်ကြိုးစားဆောင်ရွက်နေမှုကြောင့် အိုးအိမ်ပြန်လည်ပြုပြင်မှု၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုနှင့် ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဝေမှုတို့ဖြင့် လှုပ်လှုပ်ရှားရှားရှိနေသည်။

မုန်တိုင်းဒဏ် အဓိကခံစားခဲ့ရသော ရောဝတီတိုင်းတွင် သွပ်၊ သံ၊ ဆန်၊ စောင်၊ ခြင်ထောင်၊ စားနပ်ရိက္ခာ ဖြန့်ဝေဖြည့်ဆည်းပေးကာ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့၏ တက်ညီလက်ညီပူးပေါင်းဆောင်ရွက်မှုကြောင့် ပြန်လည်ထူထောင်မှုလုပ်ငန်းများ နေရာတိုင်း၌ မြင်တွေ့နေရပြီဖြစ်ပါသည်။

ရောဝတီတိုင်း ဘိုကလေးမြို့ ပြန်လည်ထူထောင်ရေးပစ္စည်းများ သယ်ယူဖြန့်ဖြူးနေသည်ကို ဤသို့ တွေ့ရသည်။

သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)

လျှပ်စစ်မီးရရှိရေး

ရောဝတီတိုင်း ဖျာပုံမြို့အတွင်း လျှပ်စစ်မီးများ အမြန်ရရှိရေးအတွက် လုပ်ငန်းများဆောင်ရွက်နေသည်မှာ····။

ကျုံ့ခရိုင်တံတားပြင်ဆင်မှု

ရောဝတီတိုင်းဖျာပုံမြို့ပြင်ရှိ ကျုံ့ခရိုင်တံတား ပြန်လည်ပြုပြင်နေမှုကို ဤသို့တွေ့ခဲ့ရသည်။



ဖျာပုံမြို့ အဆောက်အအုံများ ပြင်ဆင်ပြီးစီးမှု

ရောဝတီတိုင်း ဖျာပုံမြို့ အဆောက်အအုံများ ပြင်ဆင်ပြီးစီးမှုကို တွေ့ရစဉ်။

25-5 (12).pmd 1 5/25/2008, 2:31 AM

နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဧရာဝတီတိုင်း၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်နေ

သတင်းမြင်ကွင်း - မောင်မောင်မြင့်ဆွေ　　ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)　　စာမျက်နှာပွဲ့စည်းမှု - ထိန်လင်း

ဘိုကလေး မေ ၂၄

ဧရာဝတီတိုင်း ဘိုကလေးမြို့မှာ မြို့ကွက်ချ တည်ဆောက်ပုံရှင်းသည်။ အဓိက လမ်းမကြီးများက ကျယ်ပြန့်သလို လမ်းသွယ်များ ဖောက်လုပ်ထားပုံက စနစ်ကျလှသည်။ စီးပွားရေး အဆင်ပြေသူများသဖြင့် အိမ်ကြီးရခိုင်နှင့် နေကြသူ ပေါများသည်။ ထို့ကြောင့် ဧရာဝတီတိုင်း

"တံတားတစ်စင်းမှ ပျက်စီးမှု မရှိခဲ့ပါဘူး"

ကိုသန့်ဇင်မျိုး

လက်ထောက်အင်ဂျင်နီယာ။

အများပြည်သူတယ်လီဖုန်းရုံ၌ စီဒီအမ်အေဖုန်းဖြင့် ဆက်သွယ်ပြောဆိုသူများကို တွေ့ရစဉ်။

အတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်သောမြို့အဖြစ် နာမည်ရလေသည်။

သို့သော် မုန်တိုင်းဒဏ်ခံရသော မြို့များ၌ ဘိုကလေးလည်းမလွတ်ခဲ့။ ထို့ကြောင့် နိုင်ငံတော်က ဘိုကလေးမြို့ ပြန်လည်ထူထောင်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အနီးကပ်ကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိသည်။ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် လုပ်ဆောင်ခဲ့ရာ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ရုပ်လုံးပေါ်စ ပြုလာပြီဖြစ်သည်။

ဘိုကလေးမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသည့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံးသို့ ရောက်ရှိခဲ့သည်။ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံးမှ လက်ထောက်အင်ဂျင်နီယာကိုသန့်ဇင်မျိုးနှင့်တွေ့ဆုံခဲ့ရာ-

"ဘိုကလေး မြို့နယ်အတွင်းမှာ မုန်တိုင်းဒဏ်ခံရတဲ့ ကျေးရွာအုပ်စုတွေရှိတယ်။ ကျွန်တော်တို့အနေနဲ့ မုန်တိုင်းတိုက်ခတ်မှုစဲတာနဲ့ ချက်ချင်း ကျေးရွာတွေဘက်ထွက်ပြီး ကျေးရွာချင်းဆက်တံတားတွေ အခြေအနေကို သွားရောက် စစ်ဆေးခဲ့ပါတယ်။ ဘိုကလေးမြို့နယ်အတွင်းမှာ ကျေးရွာ

ချင်းဆက် တံတားတွေဖြစ်တဲ့ သကန်ရွာ - စံပယ်ကုံးရွာ - ငပိချောင်းရွာနဲ့ သံဖြူရုံရွာတွေကို ဆက်သွယ်ထားတဲ့ တံတား လေးစင်းရှိပါတယ်။ ဒါ့အပြင် မြောက်ပန်းရွာ - စကားလွန်ကုန်းရွာ- သံဖြူရုံရွာ-ငပိချောင်း ရွာတွေကို ဆက်သွယ်ထားတဲ့တံတားက လေးစင်း ရှိသလို မြင်းကကုန်းနှင့် သကန်ရွာ အထိ ဆက်သွယ်ထားတဲ့တံတားနဲ့ ကျုံဖားနဲ့ ဟင်းအိုးကြီးတံတားတွေ လည်းရှိတော့ ကျွန်တော်တို့သွားရောက် စစ်ဆေးတဲ့အခါ တံတားတစ်စင်းမှ ပျက်စီးမှုမရှိခဲ့ပါဘူး၊ ကံကောင်းတယ်လို့ ပြောရမှာပါ"ဟု ပြောကြားသည်။

အထောက်အကူပြု

ဘိုကလေးမြို့နယ်အတွင်းကျေးရွာချင်းဆက်တံတားများ အနှံ့အပြား ထိုးပေးထားရာလမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့ရန် ဆောင်ရွက်ပေးထားခြင်းဖြစ်သည်။ ယခုမုန်တိုင်းကြောင့် ကျေးရွာချင်းဆက်တံတားများ တစ်စင်းမျှ မပျက်စီးခဲ့ခြင်းမှာ ကျေးရွာများသို့သွားလာရေး အထောက်အကူပြုနိုင်ခဲ့သည်။

လေဘေးသင့်ခံရသော ဧရာဝတီတိုင်း ဘိုကလေးမြို့ ဗိုလ်ချုပ်လမ်းရှိ အဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှုကို ဤသို့တွေ့ရသည်။

ပုံမှန်သွားလာနိုင်

ထို့အပြင် ဘိုကလေးမြို့ရှိ (၆) ရပ်ကွက်နှင့် (၇)ရပ်ကွက် တို့အား

ဧရာဝတီတိုင်း ဘိုကလေး မြို့ရှိ လေဘေးသင့်ခံရသူများ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ သယ်ဆောင်လာသည်ကို တွေ့ရစဉ်။

ဆက်သွယ်ထားသော သရက်ချောင်း တံတားမှာလည်း ပျက်စီးမှု မရှိခဲ့သဖြင့် မြို့နေပြည်သူများ သွားလာရေးမပြတ်ခဲ့ကြောင်းသိရသည်။ တစ်ဖန်မုန်တိုင်းကြောင့် ဘိုကလေးမြို့တွင်းရှိ မြောင်းကူး တံတားနှစ်စင်း ပျက်စီးခဲ့မှုမှာလည်း အမြန်ဆုံး ပြင်ဆင်နိုင်ခဲ့သဖြင့် ရက်ပိုင်းအတွင်း ပုံမှန်သွားလာဖြတ်သန်းနိုင်လျက် ရှိနေသည်။

ဘိုကလေးမြို့အတွင်း လမ်းများ၌ လဲကျနေသောသစ်ပင်များကို တပ်မတော်သားများနှင့် ပြည်သူများက တက်ညီ လက်ညီ ခုတ်ထွင်ရှင်းလင်းခဲ့သဖြင့် လမ်းတိုင်း အဆီးအတားမရှိ သွားလာနိုင်ကြနေပြီဖြစ်သည်။ နိုင်ငံတော်ကလည်း ဘိုကလေးမြို့ရှိ လေဘေးသင့် ပြည်သူများအား သွပ်၊ သစ်နှင့် အိမ်ရိုက်သံများ၊မိုးကာဖျင်များ ဖြည့်ဆည်းပေးလျက်ရှိရာ အိုးအိမ် ပြန်လည်ပြင်ဆင်နေမှုများကို နေရာတိုင်း၌ တွေ့မြင်ရသည်။

ပြန်လည်ချိတ်ဆက်

ထို့အပြင် ဘိုကလေးမြို့ အသွားအလာများသော ဗိုလ်ချုပ်လမ်းမကြီး တွင်လည်း အများသုံးတယ်လီဖုန်းများ အဖြစ် စီဒီအမ်အေဖုန်းများကို ချထားပေးထားသဖြင့် ဘိုကလေး မြို့သူမြို့သားများအတွက် ဆက်သွယ်ရေးအဆင်ပြေလျက်ရှိနေသည်။ ယခုအခါ ဆက်သွယ်ရေးတိုင်များပြိုလဲနေမှုမှာ ရာနှုန်းပြည့်နီးပါး ပြန်လည်စိုက်ထူနိုင်ခဲ့ပြီဖြစ်သလိုဆက်သွယ်ရေးကြိုးများလည်း ပြန်လည်ဆက်သွယ် ချိတ်ဆက်နေပြီဖြစ်သည်။

ကြိုးစားဆောင်ရွက်လျက်ရှိ

တစ်ဖန်ဘိုကလေးမြို့အတွင်း လမ်းမီးများနှင့် လူနေရပ်ကွက် အချို့အား ၁၀၀ ကေဗွီမီးစက်ကို အသုံးပြုပြီး အချိန်ပိုင်းမီးပေးထားနိုင်သည်ဖြစ်ရာ မကြာမီ ဘိုကလေးမြို့ တစ်မြို့လုံး

ဘိုကလေးမြို့တွင် ပညာရေးကဏ္ဍအနေဖြင့် ဇွန်လဆန်း၌ စာသင်ကျောင်းများ ပုံမှန် ပြန်လည်ဖွင့်လှစ်နိုင်အောင် ကြိုးစားလျက်ရှိ။

ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းအတွက်လည်း ဆရာဝန်များ၊ သူနာပြု အင်အားများ တိုးမြှင့်ချထား။

ပုံမှန်မီးပေးနိုင်အောင်လျှပ်စစ်ဝန်ထမ်းများကလည်း ကြိုးစားဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရသည်။

ဘိုကလေးမြို့နယ်၌ ကျေးရွာအုပ်စု ၇၈အုပ်စုခန့် ရှိနေရာ စက်ဆန်းရွာနှင့် ကြိမ်ချောင်းရွာတို့တွင် ရှေ့တန်း ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ခဲ့ပြီး တပ်မတော်ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်၊ သင်္ဘောများဖြင့် ကယ်ဆယ်ရေး၊ ထောက်ပံ့ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည်။

လေဘေးသင့်ခံရသည့် တောင်သူလယ်သမားများအနေဖြင့် မိမိတို့၏ လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်လုပ်ကိုင်ရာတွင် အခက်အခဲ မရှိစေရန် မျိုးစပါးများ ဖြန့်ဖြူးပေးမည့်အပြင် လယ်ယာလုပ်ငန်းခွင်သုံး ထွန်စက်စခန်းများဖွဲ့ကာ ထောက်ပံ့ ဖြည့်ဆည်းပေးရန်လည်းစီစဉ်ဆောင်ရွက်လျက်ရှိသည်။

တိုးမြှင့်ချထား

ယခုအခါ ဘိုကလေးမြို့တွင် ပညာရေးကဏ္ဍအနေဖြင့် ဇွန်လဆန်း၌ စာသင်ကျောင်းများ ပုံမှန်ပြန်လည်ဖွင့်လှစ်နိုင်အောင် ကြိုးစားလျက်ရှိသည်။ထို့အပြင်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအတွက်လည်း ဆရာဝန်များ၊ သူနာပြု အင်အားများ တိုးမြှင့် ချထားလျက်ရှိသည်။

ထို့ကြောင့် ဘိုကလေးမြို့သည် သဘာဝလေမုန်တိုင်းဒဏ်ခံရသော်လည်း ယခုအခါပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ကဝိုင်းဝန်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ထိရောက်လျက်ရှိပါကြောင်း ကွင်းဆင်းလေ့လာရေးသား လိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

အာကာသအတွင်း ကြယ်တာရာပေါက်ကွဲမှု ကမ္ဘာ့အမြင့်ဆုံး အဏုကြည့်မှန်ပြောင်းသုံးပြီး လေ့လာမည်

နယူးယောက် မေ ၂၄

အာကာသအတွင်း ထုထည်ကြီးမားသော ကြယ်တာရာတစ်ခု ပေါက်ကွဲသည့် (ယာပုံ) တဒင်္ဂအချိန်အတွင်း မည်သို့ ဖြစ်ပျက်သည်ကို အာကာသသုတေသနပညာရှင်များက လေ့လာနေကြပြီဖြစ်သည်။

အသုံးပြု

အဆိုပါကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံတကာအာကာသလေယာဉ်မှူးများကလည်း ကြယ်တာရာ အဏုကြည့်မှန်ပြောင်းကို အသုံးပြုပြီး ရှာဖွေလေ့လာမှုများ ပြုလုပ်လျက်ရှိသည်။ ထိုသို့လေ့လာမှုများ ပြုလုပ်ရာတွင်ကမ္ဘာ့အမြင့်ဆုံး အဏုကြည့်မှန်ပြောင်းကို အသုံးပြု လေ့လာမည်ဖြစ်သည်။

ထွက်ပေါ်လာ

လောလောဆယ်တွင် ကြယ်တာရာ ပေါက်ကွဲမှုဖြစ်ပေါ်သည့်အခါ အလွန်တောက်ပစူးရှသော အလင်းတန်းများ ထွက်ပေါ်လာပြီး ရုတ်တရက်မီးလုံးကြီး တစ်ခုသဖွယ် ဖြစ်နေတတ်ကြောင်း၊ ကြယ်တာရာ ပေါက်ကွဲမှု ဖြစ်ပွားချိန်မှာ နှစ်နာရီခန့် ကြာမြင့်တတ်သည်ဟု အာကာသ သုတေသနပညာရှင်များက ဆိုထားခဲ့ကြသည်။



သို့သော်လည်း အချို့သုတေသနပညာရှင်များက ကြယ်တာရာ ပေါက်ကွဲမှုဖြစ်ပွားသည့်အခါ နျူကလီးယားဗုံးပေါင်းများစွာ ပေါက်ကွဲမှုဖြစ်ပွားသကဲ့သို့ အစိတ်စိတ်အမြွှာမြွှာ ဖြစ်သွားလေ့ရှိကြောင်း အမေရိကန်အာကာသသုတေသနပညာရှင်များက ပြောကြားသည်။

(အင်တာနက်)

အာကာသသိပ္ပံ



အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ်၌ လေဆင်နှာမောင်းတိုက်ခတ်မှုဖြစ်ပွားရာ မီးရထားများ တိမ်းမှောက်ပျက်စီးမှု ဖြစ်ပေါ်ခဲ့သည်ကို မေ ၂၂ရက်က တွေ့ရစဉ်။

(အင်တာနက်-ဓာတ်ပုံ)

အမေရိကန်၌ လေဆင်နှာမောင်း တိုက်ခတ်

ဝင်ဆာ မေ ၂၄

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ်မြောက်ပိုင်း၌ မေ၂၂ရက်က အင်အားပြင်း လေဆင်နှာမောင်း တိုက်ခတ်သွားမှုကြောင့် တစ်ဦးသေဆုံးပြီး ၁၃ဦး ဒဏ်ရာရရှိခဲ့သည်။

ကော်လိုရာဒိုပြည်နယ် ဝင်ဆာမြို့မှာ ပျက်စီးမှုအများဆုံး ဖြစ်ကြောင်း၊ နေအိမ် ၁၆၀၀၀ကျော် ပျက်စီးခဲ့ကြောင်း၊ သစ်ပင်များပြိုလဲကာ လျှပ်စစ်ဓာတ်အားများလည်း ပြတ်တောက်ခြင်းနှင့် ခရီးသွားယာဉ်များ ပျက်စီးသွားခဲ့သည်။ **(အင်တာနက်)**

အပြည်ပြည်ဆိုင်ရာ ရေပြင်နှင့် ပစိဖိတ်ကျွန်းနိုင်ငံများ တူနာငါးများ ဖမ်းဆီးမှု ကန့်သတ်ပိတ်ပင်မည်

ဆစ်ဒနီ မေ ၂၄

အပြည်ပြည်ဆိုင်ရာရေပြင်နှင့် ပစိဖိတ်ကျွန်းစုရေပိုင်နက်များတွင် တူနာငါးများဖမ်းဆီးခြင်းကို ပိတ်ပင်သွားမည်ဖြစ်ကြောင်း သြစတြေးလျနိုင်ငံ ပါလာပူမြို့၌ မေ၂၁ရက်က ကျင်းပသည့် ပစိဖိတ်ကျွန်းနိုင်ငံများ၏ ဝန်ကြီးအဆင့်ဆိုင်ရာ အစည်းအဝေး၌ ဆုံးဖြတ်လိုက်ကြသည်။

အဆိုပါ တူနာငါးများ ဖမ်းဆီးမှုပိတ်ပင်ခြင်း ဥပဒေကို လာမည့် ဇွန် ၁၅ရက်မှစတင်ကာ အကျိုးသက်ရောက်စေမည် ဖြစ်ကြောင်းလည်း ပစိဖိတ်ကျွန်းနိုင်ငံများမှ ဝန်ကြီးများက သဘောတူညီခဲ့ကြသည်။

ဆောင်ရွက်

ယခုကဲ့သို့ ဥပဒေသတ်မှတ်နိုင်ခြင်းသည် ပစိဖိတ်ဒေသအတွက် သမိုင်းဝင် ဆောင်ရွက်မှုတစ်ရပ်ဖြစ်ကြောင်း၊ အနာဂတ်ကာလအတွက် စားနပ်ရိက္ခာ ဖူလုံစေမှုနှင့် ပင်လယ်သမုဒ္ဒရာအတွင်းရှိ သက်ရှိသတ္တဝါများ နေထိုင်မှုဘဝကို စောင့်ရှောက်ခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။ ယခု ကျင်းပသည့် အစည်းအဝေးသည် ပစိဖိတ်ကျွန်းနိုင်ငံများ၏ ဝန်ကြီးအဆင့် လေးကြိမ်မြောက် အစည်းအဝေးဖြစ်ပြီး သမိုင်းဝင် ဆုံးဖြတ်ချက်ကို ချမှတ်နိုင်ခဲ့ကြခြင်း ဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

ရုရှား၌ သယ်ယူပို့ဆောင်ရေးလုပ်ငန်း ဒေါ်လာဘီလီယံ ၂၀၀ခန့် ရင်းနှီးမြှုပ်နှံမည်

ဆိုချီ မေ ၂၄

ရုရှားနိုင်ငံသည် လာမည့်၂၀၁၅ခုနှစ်၌ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေစေရန်အတွက် လမ်းများကိုခေတ်မီအောင် အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း ရုရှားအရာရှိများက မေ၂၂ရက်၌ ပြောကြားသည်။

ရုရှားအစိုးရအနေဖြင့် အဆိုပါစီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ငွေကြေးရင်းနှီးမြှုပ်နှံမှု ကြီးမားစွာ စိုက်ထုတ်လုပ်ကိုင်သွားမည်ဖြစ်သည်။

ထိုသို့ လမ်းများအဆင့်မြှင့်တင်မှုအတွက် အမေရိကန်ဒေါ်လာ ၁၉၈ဒသမ ၁ဘီလီယံ အကုန်အကျခံမည်ဖြစ်သည်ဟု ရုရှားဝန်ကြီးချုပ် မစ္စတာပူတင်က ပြောကြားသည်။ ထိုငွေကြေးများကို နိုင်ငံတော်ဘတ်ဂျက်က ခွင့်ပြုရယူ သုံးစွဲသွားမည်ဖြစ်သည်။

မစ္စတာပူတင် သမ္မတတာဝန် ထမ်းဆောင်ခဲ့သည့်အချိန်၌ ရုရှားနိုင်ငံ၏ စီးပွားရေးသည် ၈ရာခိုင်နှုန်း တိုးမြင့်ခဲ့သည်။

(အင်တာနက်)

လျှင်ကြောင့် ၁၉၆နာရီကြာ ပိတ်မိသူအမျိုးသမီးကြီးအား ကယ်တင်နိုင်

ချန်ဒူ မေ ၂၄

တရုတ်နိုင်ငံ တောင်ပိုင်း စီချွမ်ပြည်နယ်၌ မေ၁၂ရက်က လှုပ်ခဲ့သော အင်အားပြင်း ငလျင်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံပျက်များအောက်၌ ၁၉၆နာရီကြာ ပိတ်မိနေခဲ့သော အသက်၆၀ အရွယ်အမျိုးသမီးကြီးတစ်ဦးကို ကယ်ဆယ်ရေးအဖွဲ့များက မေ၁၃ရက် ည ၆နာရီ ၄၅မိနစ်က ကယ်တင်နိုင်ခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော အပျက်အစီးများအောက်၌ ပိတ်မိနေဆဲ ဦးရေ ၉၅၀၀ခန့် ရှိနေဆဲဖြစ်ကြောင်း စီချွမ်မြို့မှ အရာရှိတစ်ဦးဖြစ်သူ လူကျီပေါင်က ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကမ္ဘာ့စတုတ္ထအကြီးဆုံး ကျွန်းနိုင်ငံ မာဒါဂါစကာ

သတင်းအက်ဆေး

မာဒါဂါစကာသမ္မတနိုင်ငံသည် အိန္ဒိယသမုဒ္ဒရာဒေသတွင် တည်ရှိသည်။ ဤနိုင်ငံသည် မာဒါဂါစကာကျွန်းပေါ်တွင် ရှိသည့်အတွက် ကျွန်းနိုင်ငံဟု ခေါ်နိုင်သည်။ မာဒါဂါစကာကျွန်းသည် ဂရင်းလန်ကျွန်း၊ နယူးဂီနီကျွန်းနှင့် ဘော်နီယိုကျွန်းပြီးလျှင် ကမ္ဘာပေါ်၌ စတုတ္ထအကြီးဆုံးကျွန်း ဖြစ်သည်။

မာဒါဂါစကာသမ္မတနိုင်ငံသည် ပြင်ပကမ္ဘာနှင့် အဆက်ပြတ်ကာ အထီးကျန်နိုင်လှသည့်အတွက် ကမ္ဘာပေါ်၌ မတွေ့မမြင်ဖူးသည့် နို့တိုက်သတ္တဝါအများစု၊ ကျေးငှက်သတ္တဝါထက်ဝက်နှင့် အပင်အများစုတို့ကို ဤနိုင်ငံ၌ တွေ့ရသည်။

အိုးမဲ့အိမ်မဲ့

ဤနိုင်ငံတွင် အပူပိုင်းမုန်တိုင်းများ ကျရောက်တတ်သည်။ မုန်တိုင်းနှင့် ရေလွှမ်းမိုးမှုကြောင့် ၂၀၀၀ပြည့်နှစ်နှင့် ၂၀၀၄ ခုနှစ်များတွင် မာဒါဂါစကာပြည်သူထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြရသည်။

ပြင်သစ်နယ်ချဲ့သမားများသည် ဒေသခံတိုင်းရင်းသားတို့၏ ခုခံတွန်းလှန်မှုကြားမှ မာဒါဂါစကာကို ၁၈၈၀-၁၉၀၅ခုနှစ်များက သိမ်းယူသည်။ ၁၉၁၀-၂၀ပြည့်နှစ်များတွင် ဤနိုင်ငံသားများ၏ မျိုးချစ်စိတ်ဓာတ်မှာ ကြီးထွားရင့်သန်လာရသည်။ ၁၉၄၇ ခုနှစ်တွင် နိုင်ငံအရှေ့ပိုင်း လက်နက်ကိုင်ပုန်ကန်မှုကို ပြင်သစ်ကနှိမ်နင်းပစ်သည်။

၁၉၆၀ပြည့်နှစ် ဇွန်လ၂၆ရက်တွင် လွတ်လပ်ရေးရရှိသည်။ ဖီလီဘတ်ဂျီရာနာနာ သမ္မတဖြစ်လာသည်။ ၁၉၇၂ခုနှစ်တွင် သမ္မတဂျီရာနာနာက အစိုးရအဖွဲ့ကို ဖျက်သိမ်းပြီး ယာယီအစိုးရကို ဦးဆောင်၍ ကြည်းတပ်ဦးစီးချုပ်ဗိုလ်ချုပ်ကြီး ဂါဘရီယယ်ရာမန်နန်ဆိုကို အာဏာလွှဲအပ်သည်။ ပြင်သစ်နှင့် ဆက်ဆံရေးကိုလျှော့ကာ ဆိုဗီယက်ပြည်ထောင်စုနှင့် ပိုမိုရင်းနှီးစွာ ဆက်ဆံသည်။

၁၉၇၅ခုနှစ် ဇွန်လတွင် အာဏာသိမ်းပြီးနောက် ဒုတိယရေတပ် ဗိုလ်ချုပ်ကြီး ဒီဒီယာရက်ဆီရာကာအား နိုင်ငံတော်အကြီးအကဲ ခန့်အပ်လိုက်သည်။ နိုင်ငံကိုလည်း မာဒါဂါစကာ ဒီမိုကရက်တစ်သမ္မတနိုင်ငံအဖြစ် ကြေညာပြီး ရက်ဆီရာကာအား ခုနစ်နှစ်သက်တမ်းအတွက် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်လိုက်သည်။ ၁၉၇၆ခုနှစ်တွင် သမ္မတက စီးပွားရေးလုပ်ငန်းအများအပြားကို ပြည်သူပိုင်သိမ်းသည်။ ၁၉၈၆ ခုနှစ်တွင် ဈေးကွက်စီးပွားရေးကို ဖွင့်ပေးသည်။ ၁၉၉၂ခုနှစ်တွင် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှု ပြုလုပ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ဆန္ဒခံယူပွဲဖြင့် အတည်ပြုသည်။

ရွေးချယ်တင်မြှောက်

၁၉၉၃ခုနှစ်တွင် အဲလဘတ်ဇာဖီအား သမ္မတအဖြစ်ရွေးချယ်တင်မြှောက်သည်။ ၁၉၉၆ခုနှစ်တွင် ရက်ဆီရာကာ အာဏာပြန်ရသည်။ ၂၀၀၁ခုနှစ် ဒီဇင်ဘာလ သမ္မတရွေးကောက်ပွဲတွင် အတိုက်အခံခေါင်းဆောင် ရာဗာလိုမာနာနာအနိုင်ရသည်။ ၂၀၀၆ခုနှစ် ဒီဇင်ဘာလ သမ္မတရွေးကောက်ပွဲ၌ ထပ်မံအနိုင်ရခဲ့သည်။

၂၀၀၇ခုနှစ် နိုဝင်ဘာလတွင် သမ္မတရာဗာလိုမာနာနာက တမာတေ့၌ နီကယ်ကိုဘော့သတ္တုစီမံကိန်းကို ဖွင့်လှစ်ပေးလိုက်သည်။ အဆိုပါ စီမံကိန်းမှာ ကမ္ဘာပေါ်၌ ထိုအမျိုးအစားတွင် အကြီးဆုံးစီမံကိန်းဖြစ်သည်။

ဤနိုင်ငံသားများသည် လွန်ခဲ့သည့်နှစ်ပေါင်း ၂၀၀၀ကျော်က လာရောက်အခြေချခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသားများနှင့် အာဖရိကတိုင်းရင်းသားများမှ ဆင်းသက်ပေါက်ဖွားလာကြသူများဖြစ်သည်။ ပြင်သစ်ကို တော်လှန်ပြီး အဆုံး ၁၉၆၀ပြည့်နှစ်တွင် လွတ်လပ်ရေးရခဲ့သည်။ ၁၉၇၀ပြည့်လွန်နှစ်များတွင် ဆိုရှယ်လစ်လောကနိဗ္ဗာန် ထူထောင်ရေးကို ဦးတည်ကာ စစ်တပ်က အာဏာသိမ်းခဲ့သည်။ သို့သော် အကောင်အထည်ပေါ်မလာခဲ့။

ဈေးကွက်စီးပွားရေးကို ပြောင်းလဲကျင့်သုံးခဲ့သည်။ ဆင်းရဲမွဲတေမှုကရှိမြဲရှိနေသည်။ သမ္မတ ရာဗာလိုမာနာနာက ဒုတိယအကြိမ် သမ္မတသက်တမ်းအတွင်းတွင် စီးပွားရေး ပြန်လည်ဦးမော့လာရေး အစီအစဉ်တစ်ရပ်ကို ချမှတ်လိုက်သည်။ ငါးနှစ်အတွင်း ဆင်းရဲမွဲတေမှုအဆင့်ကို ထက်ဝက်လျှော့ချရန် ရည်ရွယ်ထားသည်ဟု သိရပါကြောင်း။ ။

ကိုးကား-အင်တာနက်

တိုး-ရေးသားသည်

ဘဝအမောပြေ

ကူညီလိုက်ပုံက ....

ကားလမ်းတစ်နေရာ၌ အင်ဂျင်ချွတ်ယွင်းပြီးရပ်သွားသော မော်တော်ကားအတွက် ပိုင်ရှင်ဖြစ်သူက ဖြည်းဖြည်းချင်းလမ်းလျှောက်လာသူတစ်ဦးအား အကူအညီတောင်းလေသည်။

ကားပိုင်ရှင် ။ ။ မိတ်ဆွေ…ကျွန်တော့်ကားကို နောက်ကကူညီပြီး တွန်းပေးပါလားဗျာ။

လမ်းလျှောက်လာလူ ။ ။ နေပါဦး…ကားဘာဖြစ်တာလဲ၊ ကျွန်တော်ကြည့်ပေးပါ့မယ်။

ကားပိုင်ရှင် ။ ။ မိတ်ဆွေ… ကားအကြောင်း နားလည်လား။ ဝမ်းသာလိုက်တာဗျာ၊ ကားကိုကြည့်ပေးပါဦး။

လမ်းလျှောက်လာလူ ။ ။ ကဲ…ခင်ဗျားနောက်ကတွန်းပေး၊ ကျွန်တော် စမ်းမောင်းကြည့်မယ်…။

ကားပိုင်ရှင်လည်း နောက်ကတွန်းပေးရာ ခရီးအတန်ဝေးသည်အထိ စက်နှိုးမရဖြစ်နေသဖြင့် လမ်းလျှောက်လာသူလည်း ကားပေါ်မှဆင်းလိုက်သည်။

ကားပိုင်ရှင် ။ ။ စက်နှိုးလို့မရရင်လည်း ထားလိုက်ပါတော့။

လမ်းလျှောက်လာသူ ။ ။ ခင်ဗျားကိုကျေးဇူးတင်ပါတယ်။

ကားပိုင်ရှင် ။ ။ ဘာဖြစ်လို့လဲဗျာ…

လမ်းလျှောက်လာသူ ။ ။ ကျွန်တော်ခြေထောက်နာပြီး လမ်းကောင်းကောင်း မလျှောက်နိုင်တာ ကားပေါ်တင်ပြီး တွန်းပေးခဲ့လို့ပါ။

ကားပိုင်ရှင် ။ ။ “ဗျာ”

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

သဒ္ဓမ္မဝါစီဟသ်ာတကျောင်း ပြုပြင်ရန် အလှူငွေများဆက်ကပ်လှူဒါန်း

ရန်ကုန် မေ ၂၄

မုံရွာဆရာမိုး-(ဒေါ်သိန်းမှီ)၊ သား ဗိုလ်ကြီးကျော်ကိုကိုရှိန်း-မမိုးပြည့်ပြည့်ဖြိုးတို့က မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ၅/ရပ်ကွက် ဇမ္ဗူအေးကျောင်းတိုက်အတွင်းရှိ သဒ္ဓမ္မဝါစီဟသ်ာတပရိယတ္တိ စာသင်တိုက် ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေကျပ် ၁၅သိန်းကို ပဓာန နာယက ဆရာတော် ဘဒ္ဒန္တပညာသီရိ မေ၅ရက်က မတည်လှူဒါန်းရာ သာသနာ့နုဂ္ဂဟသဟပုညကာရီအဖွဲ့ဥက္ကဋ္ဌ ဦးစိုးသိမ်းနှင့် အတွင်းရေးမှူး ဦးခင်ဇော်တို့ လက်ခံယူကြသည်။ (ဓါတ်ပုံ) အဆိုပါကျောင်းဆောင်သစ် ဖြစ်မြောက်ရေးအတွက် လှူဒါန်းလိုသူများသည် ဖုန်း-၆၉၉၂၃၁၊ ၆၉၉၄၃၀နှင့် ၆၉၀၅၈၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၁၈)

အင်းစိန်တောင်သူကုန်းရပ်ကွက် ဘိုကုန်းဇေယျာသိဒ္ဓိမဟာသွဲ့သာရဘုရားကျောင်းတွင် သီတင်းသုံးသော မဟာသွဲ့သာရရှုပ်ရှင်တော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲကို မေ၁၉ရက်က အဆိုပါ ကျောင်းတိုက်၌ ကျင်းပရာ မဟာသွဲ့သာရဘုရားကျောင်းတိုက် ပဓာန နာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာသဒ္ဓမ္မဇောတိကဓဇ ပထမကျော် ဓမ္မာစရိယ ဘဒ္ဒန္တကုမာရနှင့် သံဃာတော်များက မဟာသွဲ့သာရ ရုပ်ရှင်တော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူစဉ်။ (၁၂၇)

(၆၂)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ပြည်၌ စွမ်းရည်သရုပ်ပြ

ပြည် မေ ၁၀

(၆၂)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ခေတ္တရာအားကစားကွင်း၌ မေ ၅ရက် နံနက်က ကျင်းပသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်ခရိုင်အဆင့် (အမျိုးသား)စစ်ရေးပြနှင့် မီးသတ်စက် လှေ့ကျင့်ခန်း ပထမ၊ ဒုတိယဆုရရှိသူများအားလည်းကောင်း၊ (အမျိုးသမီး) စစ်ရေးပြနှင့် မီးသတ်စက်လှေ့ကျင့်ခန်း ပထမ၊ ဒုတိယ ဆုရရှိသူများအား လည်းကောင်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်က ဆုများချီးမြှင့်ပေးအပ်သည်။

သရုပ်ပြ

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး စွမ်းရည်နှင့် အသက်ကယ်စွမ်းရည် သရုပ်ပြမှုတို့ကို ပြသကြကြောင်း သိရသည်။ (၀၅၇)

ရန်ကင်းပြည်သာယာ(တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းအတွက်အလုံမြို့နယ် ဗဟိုလမ်း မီးရထားအရာရှိ ရိပ်သာဒေါက်တာအာကာသန့်စင်-မမိုးသန္တာစိုးမိသားစုက မွေးနေ့ကောင်းမှုအဖြစ် ငွေကျပ်တစ်သိန်းတစ်သောင်းကို ရွှေပြည်ဟိန်းဆရာတော်ထံ လှူဒါန်းရာ မယ်တော်ကြီးဒေါ်အမာ လက်ခံစဉ်။ (၁၁၇)

မော်လမြိုင်ကျွန်းမြို့နယ် လေဘေးကယ်ဆယ်ရေး လုပ်ငန်းများအတွက် ပဲခူးမြင်းကျားဆေးပေါ့လိပ်ရုံပိုင်ရှင် ဦးမြင့်စိန်-ဒေါ်လှကြည်မိသားစုက အလှူငွေကျပ် သုံးသိန်းပေးအပ်ပွဲကို မေ ၁၇ ရက်က မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပရာ အလှူရှင် ကိုယ်စား မော်လမြိုင်ကျွန်းမြို့ အမှတ် ၁၄/၁၂လမ်းနေ ဦးကြည်လွင်က မြို့နယ်လေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီဝင် ဦးကိုကိုလွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (၁၄၂)

အမျိုးသမီးငယ်ရွယ် ဘက်စုံဖွံ့ဖြိုးရေးသင်တန်းဖွင့်

ဟိုပင် မေ ၁၈

ကချင်ပြည်နယ် ဟိုပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် အမျိုးသမီးငယ်ရွယ် ဘက်စုံဖွံ့ဖြိုးရေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို မေ ၆ရက် နံနက် ၁၀နာရီက ဟိုပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် ဟိုပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝင်းက အမျိုးသမီးငယ်ရွယ် ဘက်စုံဖွံ့ဖြိုးရေးသင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို မေ ၆ရက်မှ ၃၁ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းတွင် အခြေခံပန်းချီ၊ အင်္ဂလိပ်စကားပြော၊ ကွန်ပျူတာ၊ အေရိုးဗစ်နှင့် ဇာထိုးပန်းထိုးများ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး သင်တန်းနှင့် အခြေခံ လူမှုဝန်ထမ်းလုပ်ငန်းသင်တန်း မင်းတပ်၌ ဖွင့်

မင်းတပ် မေ ၂၀

ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ကလေးသူငယ် ဖွံ့ဖြိုးရေးသင်တန်း၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးသင်တန်း၊ အခြေခံလူမှုဝန်ထမ်းလုပ်ငန်း သင်တန်းနှင့် စေတနာရှင်ဝန်ထမ်းအဖွဲ့အစည်းများ စောင့်ရှောက်မှုမြှင့်တင်ရေးသင်တန်းများဖွင့်ပွဲ အခမ်းအနားကို မေ ၁၂ရက် မွန်းလွဲ၂နာရီက ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမြင့်က အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မင်းတပ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနအရာရှိနှင့် သင်တန်းဆရာမများ၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

တည်ဆောက်ဆဲ မဟာစည် ဓမ္မဗိမာန်တော်ကြီးအတွက် အမှတ်(၁၂၂/၁၂၄) ဗိုလ်မင်းရောင်လမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့နေ ဦးစိုး-ဒေါ်စိန်လှကြည်(စိန်မိသားစုရေပန့်လုပ်ငန်း)က ငွေကျပ်တစ်သိန်းကို ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ် မဟာစည်သာသနာ့ရိပ်သာ အတွင်းရေးမှူး ဦးတိုက်စိုးနှင့် အမှုဆောင် ဦးစိုးဝင်းတို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး တောင်ငူ၌ ဟောပြောဆွေးနွေး

တောင်ငူ မေ ၁၈

တောင်ငူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးလင်းသည် ရုပ်သံကျွမ်းကျင် (၃) ဦးချစ်နှင့်အတူ မေ၁၄ရက်က ကင်းဆိပ်ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာအုပ်စုဥက္ကဋ္ဌဦးမြင့်ဇော်နှင့် စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံပြီး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ဟောပြောဆွေးနွေးကြသည်။

ရေးဦးစွာ မြို့နယ်ဦးစီးမှူး ဦးကျော်စိုးလင်းက စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာရေးအကြောင်း ရှင်းလင်းပြောကြားပြီး ကျေးရွာအုပ်စု ဥက္ကဋ္ဌဦးမြင့်ဇော်က ကင်းဆိပ်ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာ ၁၅ရွာမှစာကြည့်တိုက်များ ဖွင့်လှစ်ထားရှိမှု၊ စာကြည့်တိုက်များ ဆောက်လုပ်နေမှုနှင့် ရန်ပုံငွေထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့ဝင်များသည် ကန်တော်ပေါက်ကျေးရွာ၊ ရွှေညဩကျေးရွာ၊ ကင်းဆိပ်ကျေးရွာတို့တွင် ဆောက်လုပ်လျက်ရှိသည့် အဆောက်အအုံများအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အောင်လံမြို့ မြို့မဈေးကြီး မီးဘေးလုံခြုံရေးအတွက် ဒုတိယဦးစီးမှူး(ဈေး)နှင့်ဝန်ထမ်းများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ မီးဘေးလုံခြုံရေး ဇာတ်တိုက် လေ့ကျင့်နေမှုကို မေ ၈ ရက်က အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်အောင် ကြပ်မတ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မီးသတ်တပ်ဖွဲ့နေ့ သရက်၌ ကျင်းပ

သရက် မေ ၁၄

(၆၂) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက် နံနက် ၈ နာရီက ခရိုင်မီးသတ်တပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့ဝင် ဒုတိယရဲမှူးကြီးဝင်းဦးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်မီးသတ်တပ်ဖွဲ့မှူး ဦးသန်းစိုးက မီးသတ်တပ်ဖွဲ့ သမိုင်းကြောင်းနှင့် လက်ရှိလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ (၀၇၄)

ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးအား ဝါးခယ်မ၌ ဂုဏ်ပြုပူဇော်

ဝါးခယ်မ မေ ၁၅

ဝါးခယ်မမြို့နယ် ရေကျော်ရပ်ကွက်ရှိ မြပုဏ္ဏမာသီလရှင်စာသင်တိုက်တွင် (၁၂)ကြိမ်မြောက် မဟာပဋ္ဌာန်းမြတ်ပူဇော်ပွဲနှင့် နိုင်ငံတော်က ဆက်ကပ်လှူဒါန်းသည့် သာသနာတော်ဆိုင်ရာ ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ချီးမြှင့်ခြင်းခံရသော မြပုဏ္ဏမာသီလရှင်စာသင်တိုက်၏ ပဓာနနာယကဆရာကြီး ဒေါ်ပရမသိဂီအား တပည့်ဒါယကာ ဒါယိကာမများက ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို မေ၁၁ရက် မွန်းလွဲ၁နာရီက ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ ရန်ကုန်၊ ပဲခူး၊ ပြွန်တန်ဆာမြို့နယ်များမှသီလရှင်ဆရာကြီးများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ ဇနီး ဒေါ်ခင်သန်းဆွေ၊ ခရိုင်အင်ဂျင်နီယာမှူး၏ ဇနီး ဒေါ်သန်းသန်းနွဲ့ (လူမှုထူးချွန်တတိယဆင့်) မြို့နယ်သာသနာရေးဦးစီးမှူး ဦးဝေလင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် မြို့နယ်သဘင်ပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ ဦးသန်းအေးနှင့်ယဉ်ကျေးမှုတက္ကသိုလ်မှ ဒေါ်သင်းစုလွင်တို့က ရှစ်ဆယ်ပေါ်တေးထပ်၊ ရတုဖြင့် ပူဇော်ပြီး သီလရှင်ဆရာကြီးအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **(၁၃၉)**

ကွင်းဆင်းကြီးကြပ်

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး အတွင်းအပြင် သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေးအတွက် စည်ပင်ဝန်ထမ်းများ၊ ဈေးသူဈေးသားများဖြင့် ဆောင်ရွက်မှုကို ဧပြီ၂၄ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရွှေမောင်း၊ အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် ဈေးမိဈေးဖများ ကွင်းဆင်းကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

စီမံကိန်းရည်မှန်းချက် မြစ်ကြီးနား၌ တာဝန်များပေးအပ်

မြစ်ကြီးနား မေ ၂၀

ကချင်ပြည်နယ်မြစ်ကြီးနားခရိုင်၏ ၂၀၀၈-၂၀၀၉ ခုနှစ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၄ ရက်က မြစ်ကြီးနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးစိန်အုပ်၊ခရိုင်အတွင်းရေးမှူးဦးအောင်ကျော်မိုးနှင့်အဖွဲ့ဝင်များ၊ခရိုင်အဆင့်ဌာနဆိုင်ရာများ၊မြို့နယ်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးစိန်အုပ်က အမှာစကားပြောကြားပြီးခရိုင်အတွင်းရေးမှူးဦးအောင်ကျော်မိုးကစီမံကိန်းရည်မှန်းချက်တာဝန်များ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌက ၂၀၀၈-၂၀၀၉ခုနှစ်စီမံကိန်းရည်မှန်းချက်များကိုခရိုင်စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာဦးတူးမိုင်၊ မြစ်ကြီးနားမြို့နယ်ဥက္ကဋ္ဌဦးစန်းအောင်၊ ဝိုင်းမော်မြို့နယ်ဥက္ကဋ္ဌဦးတင်ဝင်း၊ တနိုင်းမြို့နယ် ဥက္ကဋ္ဌဦးနေထွန်းအောင်၊ချီဖွေမြို့နယ်ဥက္ကဋ္ဌဦးမြအေး၊ဆော့လော်မြို့နယ်ဥက္ကဋ္ဌဦးနေမျိုးသန့်နှင့်အင်ဂျန်းယန်မြို့နယ်ဥက္ကဋ္ဌဦးစောညီညီထွေးတို့အား ပေးအပ်ခဲ့ကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

မိုးညှင်းမြို့၌ မြေယာရှင်းအလှပြုပြင်

မိုးညှင်း မေ ၁၉

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မိုးညှင်းမြို့ကို မြို့အင်္ဂါရပ်နှင့်ညီစေရန် မြို့တွင်းအဓိကကျသော လမ်းဆုံများတွင် ကတ်တုံးများပြုလုပ်ခြင်းနှင့် မြေယာရှင်းအလှ ပြုပြင်ခြင်းတို့ကို မေ ၂ ရက်က အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်း ကြီးကြပ်မှုဖြင့် အဖွဲ့ဝန်ထမ်းများ စုပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အုတ်တွင်းမြို့၌ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ပညာပေးဟောပြော

အုတ်တွင်း မေ ၁၀

တိုင်း၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ပညာပေးဟောပြောပွဲ၊ လူမှောင်ခိုကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲကို မေ၅ရက် နံနက်က အုတ်တွင်းမြို့ သရက်တောကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ တောင်ငူခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းရွှေအေးနှင့် အဖွဲ့ဝင်များ၊ အုတ်တွင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝေနှင့်အဖွဲ့ဝင်များ၊မြို့ပေါ်ခြောက်ရပ်ကွက်မှ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပညာပေးဟောပြော

အခမ်းအနားတွင် တောင်ငူခရိုင် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး **(အပေါ်ပုံ)** နှင့် အဖွဲ့ဝင်နှစ်ဦးတို့က မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ လူမှောင်ခိုကုန်ကူးမှု ကာကွယ်တားဆီးရေးဆိုင်ရာတို့ကို ပညာပေးဟောပြောကြသည်။

ကျင်းပ

ထို့နောက် တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ရပ်ကွက် အမျိုးသမီးရေးရာ အဖွဲ့ဝင်များသည် စကားဝိုင်း ဆွေးနွေးပွဲများ ကျင်းပခဲ့ကြောင်းသိရသည်။ **(၃၁၆)**

ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ဘူးခါးမြောင်း ရေတံခါးတပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မေ ၁၃ရက်က အမှုဆောင်အရာရှိ ဦးကြည်သန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးခင်မောင်လတ် (ရေပေးရေးဌာန)တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ရောဝတီတိုင်း ကျုံပျော် မြို့နယ် တိ=နိ သာသနာပြုဥပဋ္ဌာကအကျိုးတော်ဆောင်များ ဖြစ်ကြသောဦးလှကျင်၊ဦးညွှန့်စိန်၊ဦးသန်းစိုး၊ဦးတင့်လွင်နှင့် ဦးအောင်မျိုး ဦးဆောင်သောရာသက်ပန် အဖွဲ့ဝင်များက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း တိပိဋက ဆရာတော်ကြီး ၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးနှင့် စာအောင်ဆုနှင်းအတွက် အလှူငွေကျပ်လေးသိန်းကို ပိဋကနှစ်ပုံခွဲဆောင်ဆရာတော် ဘဒ္ဒန္တ စက္ကိန္ဒထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ဗလမင်းထင် ဂေါက်ကွင်း၌ တစ်ချက်တည်း ကျင်းဝင်

ဗန်းမော် မေ ၂၂

ဗန်းမော်မြို့ ဗလမင်းထင်ဂေါက်ကွင်းတွင် မေ၁၇ရက် ညနေ၄နာရီခွဲက ဒုတိယရဲမှူး ကျော်ကျော်မင်း၊ အရာခံဗိုလ် ခင်မောင်အေး၊ ဦးမာသော်၊ ဦးလောစံ၊ ဦးတင်ထွန်းနှင့် ဦးအောင်စိုးဝင်းတို့သည် ကွင်းပတ်ကစားရာ ဦးအောင်စိုးဝင်းက ၁၇၇ကိုက်ရှိ ကျင်းအမှတ်(၂)တွင် LYNX Iron-5 တုတ်ဖြင့် SRI-XON 2 ZUR အမျိုးအစားဂေါက်သီးကိုရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်မြို့ ၃၉လမ်း အမှတ်(၂၇၁/၅အေ)မှ MV.Long Jie (S'pore) မြန်မာသင်္ဘောသားများက ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းအတွင်းလူနာ(ကင်ဆာ) ဇဟိုသို့ အလှူငွေကျပ်ငါးသိန်းလှူဒါန်းရာဖောင်ဒေးရှင်းဥက္ကဋ္ဌကိုယ်စားအတွင်းရေးမှူး ဦးထွန်းအေးက လက်ခံယူစဉ်။ (က-ပ)

မြို့နယ် သတင်းများ

ကြက်ခြေနီနေ့ ကန့်ဘလူ၌ ကျင်းပ

ကန့်ဘလူ မေ ၁၅

၂၀၀၈ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားကို မေ၈ရက် နံနက် ၉နာရီက ကန့်ဘလူမြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ကြက်ခြေနီအသင်း သူနာပြုတပ်ရင်းတပ်ရင်းမှူးဒုတိယရဲမှူးထွန်းသာက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ကြက်ခြေနီ အသင်းဥက္ကဋ္ဌ မြို့နယ်ဆရာဝန် ဒေါက်တာငွေးကြွယ်က ကြက်ခြေနီ၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ **(ဝ၂၇)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော တက္ကသိုလ်များပြန်လည်ပြုပြင်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၄

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းတို့ လိုက်ပါလျက် ယနေ့မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်သို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက လေမုန်တိုင်းတိုက်ခတ်ရာတွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ရှိ စာသင်ဆောင်အမိုးများ၊ မှန်ပြတင်းများ ပျက်စီးခဲ့သည့်အခြေအနေများကို ပဏာမရှင်းလင်းတင်ပြသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ●

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ရန်ကုန် တက္ကသိုလ်ရှိ သစ်ပင်ကြီးများ ပျက်စီးမှုနှင့် ကျောင်းဆောင် အမိုးများ ပျက်စီးမှု တို့ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မေ ၂၄ရက်က ကျောက်တန်းမြို့ ဆင်ကန်ကယ်ဆယ်ရေးစခန်းတွင် Lao Medical Team မှ ဆရာဝန်များ လေဘေးသင့်ပြည်သူများအား ဆေးအကာအကွယ်ပေးစဉ်။

(သတင်းစဉ်)

လေဘေးဒုက္ခသည်များအတွက် နိုင်ငံတကာမှ ငွေကြေးနှင့် အခြားအကူအညီများ ကတိကဝတ်ပြုမည့် ညီလာခံကျင်းပမည်

ရန်ကုန် မေ ၂၄

မြန်မာနိုင်ငံတွင် ၂၀၀၈ခုနှစ် မေ ၂ရက်နှင့် ၃ရက်တို့၌ ကျရောက်ခဲ့သည့် ဆိုင်ကလုန်းနာဂစ်လေဘေးဒုက္ခသည်များအတွက် နိုင်ငံတကာမှ ငွေကြေးအကူအညီများနှင့် အခြားအကူအညီများ ကတိကဝတ်ပြုကြမည့် ကုလသမဂ္ဂနှင့် အာဆီယံတို့ ပူးတွဲကမကထပြုသော နိုင်ငံတကာအလှူများ ကတိကဝတ်ပြုသည့် ညီလာခံတစ်ရပ်ကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံ၍ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ မေ၂၅ရက်တွင် ကျင်းပမည်ဖြစ်သည်။

တက်ရောက်မည်

အဆိုပါ ညီလာခံသို့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း ဦးဆောင်သည့် ကုလသမဂ္ဂဌာနချုပ်မှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂအေဂျင်စီများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တရုတ်၊ အိန္ဒိယ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဒိန်းမတ်၊ နယ်သာလန်၊ နော်ဝေး၊ ပြင်သစ်၊ ဂျာမနီ၊ ဆွီဒင်၊ ယူနိုက်တက်ကင်းဒမ်း စသည့် နိုင်ငံများမှ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် သံတမန်များ စုစုပေါင်း ကိုယ်စားလှယ် ၃၆၀ခန့် တက်ရောက်ကြမည်ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး